ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (5-1-2004)(၄၁၀၆)

သီဟိုဠ် တော် မင်္ဂလ မုတ္တမံ။ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဖိုဖိုစိုးပွားအောင် ဖြည့်ဆည်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန်နှင့် အချုပ်အခြာအာဏာ အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေစေရန်အတွက် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်သာမက ရရှိပြီးဖြစ်သည့် အမျိုးသားစည်းလုံး ညီညွတ်မှု၊ နိုင်ငံတော် အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုတိုးပွားအောင် ကျွန်ုပ်တို့ဆက်လက် ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၅၀)ပြည့် ရွှေရတုလွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တည်ခင်းဧည့်ခံသည့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်တို့နှင့်အတူ အခမ်းအနားသို့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ကန်တော်ကြီးဥယျာဉ်ကြီးမှာ တန်ဖိုးကြီးမားသည့် သဘာဝအခြေခံကောင်းကြီးဖြစ် နိုင်ငံတကာအတွေ့အကြုံနှင့် အတတ်ပညာများပေါင်းစပ်ပြီး တန်ဖိုးမြင့်မားအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ(အပေါ်ပုံ)**နှင့် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော် ပြုပြင်မွမ်းမံမှုများကို ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်းယာယီရင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ➪

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၅-၁-၂၀၀၄
(တနင်္လာနေ့)

နိုင်ငံတော် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး ညီညွတ်သည့်စွမ်းအားဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ တိုင်းရင်းသား ပြည်သူအပေါင်းတို့က အသက်သွေးချွေးများစွာရင်းနှီး၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ (၅၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမများက အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

ပြည်ထောင်စု တိုင်းရင်းသားအားလုံးက ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့် မွန်မြတ်သော စိတ်ထားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့၍ ဆုံးရှုံးခဲ့ရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ရရှိခဲ့သော တိုင်းရင်းသားပြည်သူတို့၏ အောင်ပွဲများကို အလေးအမြတ်မော်ကွန်းတင်ထားရမည်ဖြစ်ပေသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့တို့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများသည် ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်ကောင်းများကို ရရှိလျက်ရှိသည်။ တည်ငြိမ်အေးချမ်းသာယာခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့်စပ်လျဉ်း၍ **ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ထွန်းမှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည်ဖြစ်သကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆောက်အအုံများ ပေါ်ထွန်းလာမည်ဖြစ်သည်။ သို့မှသာလျှင် အမျိုးသား စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်** ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများ ဘက်စုံ ကဏ္ဍစုံက တိုးတက်ဖြစ်ထွန်းလာရေး အလေးထား ကြိုးပမ်းလျက်ရှိသည်။

ပြည်ထောင်စုကြီးအတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ကဏ္ဍအလိုက် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးရေး၊ သဘာဝအရင်းအမြစ် စွမ်းအင်ရတနာသိုက်အသစ်များ ရှာဖွေထုတ်လုပ်ရေးတို့ကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံပြီး ညီညွတ်သည့်စွမ်းအား၊ မြင့်မားသည့် အရည်အသွေးတို့ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁၇။ ဦးခင်ထွန်း၊ အလုပ်ရုံစိတ်မှူး(ကုန်ထုတ်)၊ အင်းစိန်ဓာာင်စက်ရုံ၊ အမှတ်(၂၀) မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၈။ ဦးရွှေဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ အင်းစိန်ဓာာင်စက်ရုံ အမှတ်(၂၀) မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၉။ ဦးတိုးရီ၊ အလုပ်ရုံခွဲမှူး(ကုန်ထုတ်)၊ စက်ဘီးစက်ရုံ(ရန်ကုန်)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၀။ ဦးအေးထွန်း၊ လက်ထောက်စက်ရုံမှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၁။ ဦးရွှေဘော်သာ၊ အလုပ်ရုံခွဲမှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၂။ ဦးကြည်ဝင်း၊ အလုပ်ရုံခွဲမှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊အလှကုန်ပစ္စည်းစက်ရုံ၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၃။ ဦးရဲဝင်း၊ အလုပ်ရုံခွဲမှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄။ ဦးအောင်ရီ၊ အလုပ်ရုံစုမှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၅။ ဦးဇော်ဝင်းလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၆။ ဦးသိန်းဇော်လင်း၊ ဌာနခွဲမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၇။ ဒေါ်သီတာသန်း၊ ကြီးကြပ်ရေးမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၈။ ဦးရွှေသိန်း၊ ကြီးကြပ်ရေးမှူး၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့စက်မှုလုပ်ငန်းများ၊ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနတွဲဖက်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၂၉။ ဦးတိုးဝင်း၊ ကြီးကြပ်ရေးမှူး၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနတွဲဖက်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၀။ ဦးထွန်းရီ၊ မန်နေဂျာ၊ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(ရန်ကုန်) မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၁။ ဦးလှထွန်း၊ အလုပ်ရုံစုမှူး၊ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ (ရန်ကုန်) မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၂။ ဦးခင်မောင်မြင့်၊ လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ်(၁) လယ်ယာသုံးပစ္စည်းထုတ်လုပ်မှု စက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၃။ ဒေါ်ရီရီခိုင်၊ မန်နေဂျာ၊ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ (ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၄။ ဦးဆန်းအောင်၊ မန်နေဂျာ၊ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှု စက်ရုံ (ဆင်တဲ)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၅။ ဦးသန်းညွှန့်၊ လက်ထောက်မန်နေဂျာ၊ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၆။ ဦးမျိုးခင်၊ လက်ထောက်မန်နေဂျာ၊ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၇။ ဒေါ်ဝင်းဝင်းအေး၊ အလုပ်ရုံစုမှူး၊ အမှတ်(၁)စက်နှင့် စက်ကိရိယာ ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၈။ ဦးသွင်ဇော်၊ အလုပ်ရုံစုမှူး၊ အမှတ်(၁)စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ၊ (ညောင်ခြေထောက်)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၃၉။ ဦးဇော်မင်းထွန်း၊ အလုပ်ရုံစိတ်မှူး၊ အမှတ်(၁)စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ် ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၄၀။ ဒေါ်ညွှန့်ညွှန့်ဆွေ၊ အငယ်တန်းအင်ဂျင်နီယာ(၃) (မြို့ပြ)၊ ဝါးခယ်မမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၄၁။ ဦးတင်ဖေ၊ လက်ထောက်အင်ဂျင်နီယာ၊(လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၂။ ဦးပုစိ၊ အငယ်တန်းအင်ဂျင်နီယာ(၁)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၃။ ဦးသန်းထွန်း၊လ/ထအထွေထွေမန်နေဂျာ၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၄။ ဦးကျော်မိုးဇော်၊ အင်ဂျင်နီယာမှူး (အလုပ်ရုံ)၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၅။ ဦးမြင့်ဝေ၊ လ/ထ အင်ဂျင်နီယာ(စက်မှု) မြစ်ငယ်၊ စက်မှုနှင့်လျှပ်စစ် အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၆။ ဦးကျော်ဝင်း၊ အလုပ်ရုံစုမှူး(၁)၊ စက်ခေါင်းစက်ရုံ (အင်းစိန်) စက်မှုနှင့်လျှပ်စစ် အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၇။ ဦးဝင်းစိန်၊ အလုပ်ရုံစုမှူး (စက်ရုံ-၁) ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) စက်မှုနှင့်လျှပ်စစ် အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၈။ ဦးစိန်သန်း၊ အလုပ်ရုံစုမှူး(၁)၊ စက်ခေါင်းစက်ရုံ (အင်းစိန်) စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၉။ ဦးညွှန့်လွင်၊ အလုပ်ရုံစိတ်မှူး၊ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)၊စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၀။ ဦးဇော်ဝင်း၊ ဂဟေဆက်-၄၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၁။ ဦးကျော်သူ၊ စက်ရုံမှူး၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၂။ ဦးလှကြည်၊ အငယ်တန်း အင်ဂျင်နီယာ-၂ (စက်မှု)၊ ဂျီတီစီပုံနှိပ်စက်ရုံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၃။ ဦးဌေးလွင်၊ အငယ်တန်း အင်ဂျင်နီယာ-၂(စက်မှု)၊ ဂျီတီစီပုံနှိပ်စက်ရုံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၄။ ဦးသိန်းလွင်၊ စက်မှုကျွမ်းကျင်-၃(စက်မှု)၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၅။ ဦးမြင့်ဆွေ၊ စက်ခန်းမှူး၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၆။ ဦးလှညွှန့်၊ အင်ဂျင်နီယာမှူးကြီး(ထုတ်လုပ်မှု)၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၅၇။ ဦးရွှေမြ၊ လုပ်ငန်းအုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၅၈။ ဦးစံသိန်း၊ လုပ်ငန်းအုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၅၉။ ဦးထွန်းအောင်၊ ဒုတိယအထွေထွေမန်နေဂျာ၊ စီမံရေးရာဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၆၀။ ဦးတင်ထွန်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၆၁။ ဦးဇော်တင့်၊ လ/ထအထွေထွေမန်နေဂျာ၊ ပက်ကက်ဆွိချင်ဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၆၂။ ဦးဉာဏ်ဝင်း၊ ဒုတိယအင်ဂျင်နီယာချုပ်၊ ရန်ကုန်အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၆၃။ ဦးရဲမြင့်မောင်၊ အမှုဆောင်အင်ဂျင်နီယာ(ခ) (စက်မှု)၊ ချောက်ရေနံမြေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၄။ ဦးကြဲအောင်၊ အမှုဆောင်အင်ဂျင်နီယာ (ခ) (စက်မှု)၊ ပိုက်လိုင်းဆက်သွယ်ရေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၅။ ဦးဇော်ဝင်း၊ အမှုဆောင်အင်ဂျင်နီယာ(ခ) (သယ်ပို့/စက်ပြင်) သာကေတ အခြေစိုက်စခန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၆။ ဦးရွှေဝင်းမောင်၊ လ/ထ အမှုဆောင်အင်ဂျင်နီယာ (သယ်ပို့/စက်ပြင်)၊ ရေပေါ်မီး ရေနံအစမ်းတွင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၇။ ဦးဝင်းရှိန်၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ (သယ်ပို့/စက်ပြင်) ရေပေါ်မီးရေနံအစမ်းတွင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၈။ ဦးသက်ထွန်း၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု) ပိုက်လိုင်းဆက်သွယ်ရေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၉။ ဦးကြည်ဝင်း၊ အလုပ်ရုံမှူး(စီမံရေး)၊ ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ စွမ်းအင်ဝန်ကြီးဌာန။

၇၀။ ဦးစန်းမောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၁။ ဒေါ်လှလှစု၊ ဒုတိယညွှန်ကြားရေးမှူး၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၂။ ဦးကျော်လှ၊ ပစ္စည်းထိန်း(၁)၊ စက်မှု၊ စက်မှုယန္တရားဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၃။ ဦးထွန်းချစ်၊ အမှုဆောင်အင်ဂျင်နီယာ(က)၊ ဆည်တော်ကြီးဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၄။ ဦးညွှန့်သန်း၊ အမှုဆောင်အင်ဂျင်နီယာ(ခ) လျှပ်စစ်စမ်းသပ်ရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၅။ ဦးသန်းနိုင်ဦး၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ အလုံဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၆။ ဦးဝင်းနိုင်၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသေအပျောက်နှုန်း မြင့်မားလာစဉ်မှာပင် အမေရိကန်ကွန်ဂရက်ရှိ ဒီမိုကရက်တစ်ပါတီ အမတ်များက အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ စီမံကိန်းများအပေါ် မေးခွန်းထုတ်လာကြသည်။ အီရတ်နိုင်ငံ လုံခြုံရေးအတွက် အီရတ်တို့၏ လက်တွင်းသို့ လုံခြုံရေးတာဝန်များ လွှဲအပ်ရေးသည် မဖြစ်နိုင်သည့် စိတ်ကူးယဉ် အကြံအစည်တစ်ရပ်အဖြစ် ဝေဖန်နေကြသည်။

အမေရိကန်တို့ ဖွဲ့စည်းထားသည့် အီရတ်အုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံပျက်ယွင်းနေပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌လည်း ကျွမ်းကျင်ထိရောက်မှုမရှိကြောင်း၊ ထိုအုပ်ချုပ်မှုကောင်စီကို ဖွဲ့စည်းခြင်းမှာ အမေရိကန်တို့အတွက် အမှားတစ်ရပ်ဖြစ်ကြောင်း ဝေဖန်သူများက ပြောကြားခဲ့သည်။

အီရတ်အုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေးအခြေအနေ မတည်ငြိမ်သည့်ကာလတွင် လုပ်ငန်းဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း ဒီမိုကရက်တစ်အမတ်များက သတိပေးပြောကြားခဲ့ကြသည်။

ဇန်နဝါရီ ၂ ရက်က တီကရစ်မြို့တွင် အမေရိကန်အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များနှင့်အတူ ကင်းလှည့်စောင့်ကြပ်နေသည့် အီရတ်မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးအခြေအနေ မတည်ငြိမ်သည့်ကာလ၌ အီရတ်အုပ်ချုပ်ရေးကောင်စီသည် လုပ်ငန်းဆောင်ရွက်ရန်မဖြစ်နိုင်

ဇန်နဝါရီ ၂ ရက်က မြို့တော်ဘဂ္ဂဒက်မြောက်ဘက် တီကရစ်မြို့တွင် ကင်းလှည့်လာကြသော အီရတ်အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့အား အခြားအီရတ်များ မမှတ်မိစေရန်အတွက် မျက်နှာကိုအဝတ်ဖြင့် ကာကွယ်ထားသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုက်ခိုက်မှုများ ပြုလုပ်လာ

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများကိုပါ ပြုလုပ်လာကြသည်။

မြို့တော်ဘဂ္ဂဒက်အနီးရှိ ဖော်လူဂျာမြို့တွင် ဇန်နဝါရီ ၂ ရက်က အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ရသည်။

ဇန်နဝါရီ ၂ ရက်က တီကရစ်မြို့အနီး နံနက်ခင်း နှင်းမြူများအကြားမှ ပျံသန်းလာသော အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အပျက်အစီးများကြား ဖြတ်လျှောက်နေသည့် အီရတ်နိုင်ငံသားများ

ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ဘဂ္ဂဒက်မြို့ အပျက်အစီးများကြားမှ ဖြတ်လျှောက်နေကြသည့် အီရတ်နိုင်ငံသားများအား နှစ်ဆန်း (၁)ရက်နေ့က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

ဇန်နဝါရီ ၂ ရက်က ဖော်လူဂျာမြို့တွင် ပစ်ချခံခဲ့ရသော အမေရိကန်စစ်ရဟတ်ယာဉ် ပျက်ကျသည့်နေရာ၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်အမှတ်(၈၂) လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စားနပ်ရိက္ခာအတွက် ရေနံရောင်းချခွင့်ပြုရေး အစီအစဉ်မှ လက်ကျန်ငွေကြေးကို ကုလသမဂ္ဂက လွှဲပြောင်းပေးအပ်

နယူးယောက် ဇန်နဝါရီ ၃

ကုလသမဂ္ဂသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် စားနပ်ရိက္ခာအတွက် ရေနံရောင်းချခွင့်ပြုရေး အစီအစဉ်ဆိုင်ရာ ရန်ပုံငွေမှ လက်ကျန်ငွေကြေးဖြစ်သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလျံကို အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်လိုက်ကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ကုလသမဂ္ဂသည် စားနပ်ရိက္ခာအတွက် ရေနံရောင်းချခွင့်ပြုရေး အစီအစဉ်မှ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည့်အတွက် နောက်ဆုံးအကြိမ် လွှဲပြောင်းပေးအပ်မှုအပါအဝင် ယခုအချိန်အထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ လွှဲပြောင်းပေးအပ်ခဲ့ပြီဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ အီရတ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေများကို အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က မည်သို့မည်ပုံ သုံးစွဲမည်ဆိုခြင်းနှင့် ပတ်သက်၍ စာရင်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးထားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အီရတ်နိုင်ငံမှ ရောင်းချသည့် ရေနံပေါ်မှရရှိသော အမြတ်ငွေများနှင့် ပင်လယ်ရပ်ခြားနိုင်ငံများက ထူထောင်ထားသော အီရတ်ဆိုင်ရာ ရန်ပုံငွေများကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ရာ စုစုပေါင်း လွှဲပြောင်းပေးအပ်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁ ဘီလျံရှိသည်။

ထုတ်ပြန်

ယင်းငွေကြေးအနက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလျံကို သုံးစွဲခဲ့ပြီးဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့် အစီရင်ခံစာများအရ သိရသည်။

အဆုံးသတ်

စားနပ်ရိက္ခာအတွက် ရေနံရောင်းချခွင့်ပြုရေး အစီအစဉ်ကို ကုလသမဂ္ဂက နိုဝင်ဘာလလယ်တွင် အဆုံးသတ်ခဲ့သည်။ ***အင်တာနက်။***

နိုင်ငံခြား သတင်းများ

ဒီဇင်ဘာ ၃၁ ရက်ညက ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်တစ်ဆိုင်ကို ဗုံးဖောက်ခွဲရာ၌ အသုံးပြုခဲ့သည့်ကား၏ အပျက်အစီးများကို ဝိုင်းအုံကြည့်ရှုနေသည့် အီရတ်နိုင်ငံသားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆားစ်ရောဂါ မဖြစ်ပွားစေရေး နိုးနိုးကြားကြားရှိရန် ပေကျင်းမြို့ရှိ စာသင်ကျောင်းများအား တိုက်တွန်း

ပေကျင်း ဇန်နဝါရီ ၃

တရုတ်ပြည် ကွမ်တုံပြည်နယ်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (ဆားစ်) ရောဂါဟုသင်္ကာမကင်းဖြစ်ရသည့်ရောဂါ ဖြစ်ပွားပြီးသည့်နောက် ပေကျင်းမြို့တော်မှ ပညာရေးဆိုင်ရာ အာဏာပိုင်များက ဒေသခံပညာရေးဌာနများနှင့် စာသင်ကျောင်းများအား ဆားစ်ရောဂါမဖြစ်ပွားစေရေး နိုးနိုးကြားကြား ရှိစေရန်တိုက်တွန်းထားသည်။

တိုက်တွန်း

ဒေသခံ ပညာရေးဌာနများနှင့် ကျောင်းများအနေဖြင့် ကွမ်တုံပြည်နယ်မှ ပြန်လာသူများဖြစ်သည့် ဒေသခံလူထုအားလုံးကို ကျန်းမာရေးအရ ဆေးစစ်ရန်နှင့် လာမည့် နွေဦးပေါက်ရာသီပွဲလမ်းသဘင် ကျင်းပနေစဉ်အတွင်း ဆားစ်ရောဂါဖြစ်ပွားမှု အန္တရာယ်အတွက် သတိဝီရိယရှိရှိနှင့် နေထိုင်ကြရန် အားလုံးသော ကျောင်းသားများကို တိုက်တွန်းထားသည်။

သင်္ကာမကင်း

ကွမ်တုံပြည်နယ်မှ အသက် ၃၂ နှစ်အရွယ်ရှိ ယောကျာ်းတစ်ဦးသည် ဒီဇင်ဘာ ၂၆ ရက်က ဆားစ်ရောဂါဖြစ်ပွားသည်ဟု သင်္ကာမကင်း ဖြစ်ခဲ့ရကြောင်း တရုတ်ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါ လူနာ၏ ကျန်းမာရေးမှာ ကောင်းမွန်သည့် အနေထားရှိခဲ့သည်။

လိုအပ်

ပေကျင်းမြို့တော်ရှိ ကောလိပ်နှင့် တက္ကသိုလ်များက ရိုးရာနွေဦးပေါက်ပွဲတော်နှင့် တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ဌာနေပြန်သွားသည့် ကျောင်းသားများနှင့် ဆားစ်ရောဂါ စောင့်ကြည့်ရေးအတွက် အဆက်အသွယ်မပြတ်ရန် လိုအပ်ကြောင်းကိုလည်း နှိုးဆော်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အပျက်အစီးကြား၌ တွေ့ရှိရ

ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား ပျက်စီးနေသည့် အဆောက်အအုံအတွင်း တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော မငြိမ်မသက်မှု ဒေသတွင်းရှိ နိုင်ငံအားလုံးကိုထိခိုက်နိုင်ကြောင်း သတိပေး

အန်ကာရာ ဇန်နဝါရီ ၃

အီရတ်နိုင်ငံတွင် မတည်မငြိမ်မှုဖြစ်ပွားပြီး အကွဲအပြဲဖြစ်လာမည့် အခြေအနေသည် အီရတ်တစ်နိုင်ငံတည်းကိုသာ ထိခိုက်စေမည်မဟုတ်ဘဲ ဒေသအတွင်းရှိ အခြားသောနိုင်ငံများ၏ အခြေအနေကိုပါ ထိခိုက်လာမည်ဖြစ်သည်ဟု အီရတ်-တူရကီတပ်ဦး (အိုင်တီစီ)က သောကြာနေ့တွင် သတိပေးလိုက်သည်။

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က အီရတ်နိုင်ငံမြောက်ပိုင်း၏ မြို့တော်ကယ်ကွတ်တွင် အီရတ်လူမျိုးများနှင့် တူရကီလူမျိုးများက ဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြသူများအတွင်းသို့ ကာ့ဒ်လူမျိုးပြည်သူ့စစ်များက ပစ်ခတ်ခဲ့ရာ လူသုံးဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားသည်။

အီရတ်နိုင်ငံတွင် ငြိမ်ဝပ်ပိပြားရေး အထူးလိုအပ်နေချိန်တွင် အထက်ပါကိစ္စပေါ်ပေါက်လာခြင်းသည် အီရတ်နိုင်ငံ၏ ဂုဏ်သိက္ခာကိုထိခိုက်စေကြောင်း အိုင်တီစီအဖွဲ့မှ တူရကီလူမျိုး ကိုယ်စားလှယ်က စာနှင့်ရေးသားဖော်ပြခဲ့သည်။

ကယ်ကွတ်မြို့တွင် တူရကီလူမျိုးများနှင့် အာရပ်လူမျိုးများ အများစုနေထိုင်ကြသော်လည်း ထိုမြို့သည် တူရကီမြို့မဟုတ်သကဲ့သို့ အာရပ်မြို့လည်းမဟုတ်ပေ။ သို့ရာတွင် ကယ်ကွတ်မှာ အီရတ်မြို့သာဖြစ်သည်ဟု အထက်ပါစာတွင် ဆက်လက်ဖော်ပြထားသည်ဟုဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၌ အရန်တပ်ဖွဲ့ဝင် အများအပြားပါဝင်ကြောင်း ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၃

အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များတွင် အမျိုးသားအစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့ဝင်များ အများအပြားပါဝင်နေကြောင်း အမေရိကန်စစ်ဌာနချုပ်၏ စာရင်းဇယားအရ သိရှိရသည်။

စာရင်းထုတ်ပြန်

အမေရိကန်စစ်ဌာနချုပ်က ဒီဇင်ဘာလအတွက် ထုတ်ပြန်သည့် သေဆုံးမှုအရေအတွက် စာရင်းထုတ်ပြန်ရာတွင် ၃၉ ဦးရှိပြီး ၁၀ ရာခိုင်နှုန်း သို့မဟုတ် ၂၆ ရာခိုင်နှုန်းမှာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြစ်သည်ဟု သိရသည်။

ယင်းအရေအတွက်သည် နိုဝင်ဘာလက သေဆုံးခဲ့သည့် ပမာဏထက် ၁၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလက အမေရိကန်တပ်ဖွဲ့ဝင် ၈၁ ဦး သေဆုံးခဲ့ရာ သေဆုံးသူဦးရေ အများဆုံးလဖြစ်ခဲ့သည်။

သေဆုံး

နောက်ဆုံးထုတ်ပြန်သည့် သေဆုံးသူစာရင်းမှာ ဂရေလင်းအခြေစိုက် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ဂျေဆက်တားနှင့် ကာလီဖိုးနီးယားပြည်နယ် ဖဲယားမီးဒေသအခြေစိုက် တပ်ဖွဲ့ဝင် မီဟာလာကစ်တို့ဖြစ်ကြပြီး နှစ်ဦးစလုံး ဒီဇင်ဘာ ၁၆ ရက်က သေဆုံးခဲ့ကြခြင်းဖြစ်သည်။

ထုတ်ဖော်

ဒီဇင်ဘာလအတွင်း သေဆုံးသည့် အရေအတွက်မှာ ၄၀ ဦးရှိပြီး တပ်ဖွဲ့ဝင်များ၏ အမည်နာမများကို ထုတ်ဖော်ကြေညာခြင်း မပြုခဲ့ပေ။

မတ်လက တိုက်ခိုက်မှုများ စတင်ကတည်းက သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းသည် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များဖြစ်သည်။

နှိုင်းယှဉ်

အမေရိကန်စစ်ဘက်က အရန်တပ်ဖွဲ့ဝင် ၆၈ ဦး သေဆုံးခဲ့ရာ မရိန်းတပ်သားကိုးဦး၊ ရေတပ်တပ်ဖွဲ့ဝင်တစ်ဦး၊ လေတပ်မှတပ်ဖွဲ့ဝင်တစ်ဦး စသည်တို့နှင့် နှိုင်းယှဉ်၍ ဖော်ပြခဲ့သည်။ ***အင်တာနက်။***

အမေရိကန်တို့၏ ကျူးကျော်မှုကြောင့် အီရတ်ပြည်သူများ ဒုက္ခမျိုးစုံကြုံတွေ့ရ အဆိုးရွားဆုံးဒုက္ခခံစားနေရသူများမှာ အီရတ်ကလေးငယ်များဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၄

အီရတ်နိုင်ငံကို အမေရိကန်တို့ ကျူးကျော်ခဲ့ခြင်းကြောင့် ခုခံတိုက်ခိုက်မှုများ နိုင်ငံနှင့်အဝန်း ပေါ်ပေါက်လျက်ရှိသည်။ အီရတ်ပြည်သူများမှာလည်း ဒုက္ခမျိုးစုံကြုံတွေ့နေရပြီး အဆိုးရွားဆုံးဒုက္ခခံစားရသူများမှာ ကလေးငယ်များဖြစ်သည်။

ကျောင်းမနေနိုင်

စစ်ဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဘဝရောက်ရရှိသာမက မိဘမဲ့ဘဝရောက်ရသည့်အပြင် မိဘများအနေဖြင့် အလုပ်လက်မဲ့ ဖြစ်သွားသည့်အတွက် ကလေးငယ်များသည် ကျောင်းမနေနိုင်ဘဲ လမ်းများပေါ်မှာ လှည့်လည်တောင်းရမ်းနေရသည်။

အချို့ ကလေးငယ်များမှာလည်း ညစဉ် အမေရိကန်တို့၏ စီးနင်းရှာဖွေမှုကို ကြောက်ရွံ့နေကြပြီး ဗုံးဖောက်ခွဲမှုများကိုလည်း စိုးရိမ်ထိတ်လန့်နေကြသည်။

ဒဏ်ရာရရှိ

အမေရိကန် ကင်းလှည့်ယာဉ်တန်းများကို ရည်ရွယ်ပြီး လမ်းဘေးဗုံးများကို ထောင်ထားသည့်အတွက် ၎င်းဗုံးဖောက်ခွဲမှုများကြောင့် အချို့ကလေးငယ်များမှာ ထိခိုက်သေဆုံးဒဏ်ရာရရှိမှုများလည်းရှိသည်။

အခက်တွေ့

စစ်အတွင်းက အမေရိကန်တို့ အသုံးပြုခဲ့သည့် ကလပ်စတာဗုံးများကြောင့် ကိုယ်လက်အင်္ဂါချွတ်ယွင်းရသူ ကလေးငယ်များမှာလည်း ပညာသင်ကြားရန် အခက်တွေ့ရသည်။

အီရတ်ကလေးငယ်များမှာ အေးချမ်းသည့် အခြေအနေကို မျှော်လင့်နေကြသော်လည်း ၎င်းတို့၏ ဆန္ဒများ လျင်မြန်စွာပြည့်ဝရန် ဖြစ်နိုင်ခြေမရှိကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

ပါဝင်ဆင်နွှဲ

ဇန်နဝါရီ ၂ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသ၌ ဒေါသထွက်နေသည့် အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲကို စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်ရဟတ်ယာဉ်ပျက်ကျမှု သတင်းယူနေသည့် သတင်းထောက်သုံးဦး အမေရိကန်တပ်ဖွဲ့က ဖမ်းဆီး

ဘဂ္ဂဒက် ဇန်နဝါရီ ၄

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီးတွင် သောကြာနေ့က အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျမှု သတင်းကို ယူနေကြသော ရိုက်တာသတင်းဌာနမှ အီရတ်လူမျိုး သတင်းထောက်သုံးဦးကို အမေရိကန် တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

ပြောကြား

ခုခံတွန်းလှန်ရေးသမား၏ လက်ချက်ကြောင့် ကီအိုဝါ အမျိုးအစား ကင်းထောက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရသည့် နေရာအနီးရှိ စစ်ဆေးရေးဂိတ်တစ်ဂိတ်တွင် သတင်းမှတ်တမ်းရိုက်ကူးနေသော ရိုက်တာသတင်းထောက်များကို အမေရိကန် တပ်ဖွဲ့ဝင်များက အစောပိုင်းတွင် ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း သတင်းထောက်များနှင့်အတူ အလုပ်လုပ်ကိုင်နေသည့် ယာဉ်မောင်း တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုတွင် ရဟတ်ယာဉ်မှူးတစ်ဦး သေဆုံးပြီး အခြားတစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည်။

မိမိတို့ ရိုက်တာသတင်းဌာနမှ မော်တော်ကားကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့၍ အမြန်ဆုံးမောင်းနှင် ထွက်ပြေးခဲ့ကြရကြောင်း ယာဉ်မောင်း အလာနူရီက ပြောကြားသည်။

မှတ်တမ်းရိုက်

ရိုက်တာသတင်းဌာနမှ ရုပ်မြင်သံကြားရိုက်ကူးသူ ဆားလစ်အိရောဘီသည် အမေရိကန် စစ်ဆေးရေးဂိတ်ကို ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းရိုက်ကူးနေခဲ့ကြောင်း၊ ၎င်းသည် "သတင်းအဖွဲ့"ဟု ပီပြင်ထင်ရှားစွာ ရေးသားထားသော ဂျက်ကက်အင်္ကျီတစ်ထည်ကို ဝတ်ဆင်ထားကြောင်း မော်တော်ယာဉ်မောင်းက ပြောကြားသည်။

ပစ်ခတ်

အခင်းဖြစ်ပွားရာနေရာရှိ အီရတ်လူမျိုး သတင်းထောက်တစ်ဦးမောင်းနှင်သည့် ကားတစ်စီးကိုလည်း အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ဒဏ်ရာရရှိ

ဇန်နဝါရီ ၁ ရက်က ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် အီရတ်အမျိုးသားနှစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာလက်မြို့အနီးမှ အမေရိကန်တပ်စခန်း တိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၄

ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက် မိုင် ၅၀ ခန့်အကွာရှိ ဘာလက်မြို့အနီးမှ အမေရိကန်ကြည်းတပ် အမှတ် (၄) ခြေလျင်တပ်မစခန်းကို သောကြာနေ့တွင် ခုခံတွန်းလှန်ရေးသမားများက စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ကြောင်း တပ်ကြပ်ကြီး ရောဘက်ကာဂျီက ပြောကြားသည်။

တင်ပို့

အမေရိကန် တပ်ဖွဲ့ဝင်များက အိပ်ခန်းအဖြစ် အသုံးပြုသည့် ကားနောက်တွဲအနီးတွင် ဗုံးတစ်လုံးပေါက်ကွဲပြီး တံခါးမတွင် ရပ်နေသည့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်။ ဗုံးအစအနများထိမှန်သည့် အခြားတပ်ဖွဲ့ဝင်နှစ်ဦးကို စစ်ဆေးရုံသို့ တင်ပို့လိုက်သည်။

စီးနင်းတိုက်ခိုက်

တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည့် မြို့တော်အနောက်ဘက် အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီးနောက် နာရီပိုင်းအတွင်းတွင် ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပစ်သည့် ခုခံတွန်းလှန်ရေးသမားများအား ချေမှုန်းရေးအတွက် အမေရိကန်စစ်တပ်က လူဦးရေထူထပ်သည့် ဘဂ္ဂဒက်မြို့တော်တောင်ဘက်ကို ညတွင်းချင်းစီးနင်းတိုက်ခိုက်သည်။

ဟန်ဆောင်

သောကြာနေ့က ရဟတ်ယာဉ်ပျက်ကျပြီး မကြာမီတွင် လေယာဉ်ပျက်ကိုစောင့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား သတင်းစာဆရာများအဖြစ်ဟန်ဆောင်သူ ခုခံတွန်းလှန်ရေးသမားများက ပစ်ခတ်တိုက်ခိုက်သည်ဟုသိရသည်။

အင်တာနက်။

အီရတ် ခုခံတွန်းလှန်ရေး အင်အားစုများက ပစ်ချ အီရတ်နိုင်ငံအလယ်ပိုင်းတွင် အမေရိကန် ရဟတ်ယာဉ်မီးလောင်ပျက်ကျ

ဖော်လူဂျာ ဇန်နဝါရီ ၄

ကယ်ကွတ်မြို့မှ အနည်းဆုံး လူတစ်ဦး သေဆုံးစေသည့် တင်းမာမှုများ ထပ်မံဖြစ်ပွားလာစဉ် အီရတ်နိုင်ငံအလယ်ပိုင်း၌ ခုခံတွန်းလှန်ရေး ပြောက်ကျားများက သောကြာနေ့တွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်းကို ပစ်ချလိုက်သည့်အတွက် လေယာဉ်မှူး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားသည်။

ပျက်ကျ

ဘဂ္ဂဒက်မြို့တော် အနောက်ဘက် မိုင် ၃၀ခန့်အကွာ ဖော်လူဂျာမြို့အနီးတွင် ရန်သူ့လက်ချက်ဖြင့် အိုအိပ်ချ်-၅၈ ကီအိုဝါ ကင်းထောက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျကြောင်း အမေရိကန် စစ်ဌာနချုပ်က ကြေညာသည်။

ထိမှန်

အဆိုပါ ရဟတ်ယာဉ်ကို ဒုံးကျည်ထိမှန်ခြင်းဖြစ်ကြောင်း ရဟတ်ယာဉ်ပျက်ကျသည်ကို တွေ့မြင်ရသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောဆိုသည်။

မီးလောင်ပျက်ကျ

မိမိတို့သည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးတွဲကာ မြေမြှုပ်မိုင်းရှင်းလင်းနေကြကြောင်း၊ ဒုံးကျည်ထိမှန်သည့် ရဟတ်ယာဉ်တစ်စင်း ခေါင်းပေါ်မှ ဖြတ်ပျံသွားသည်ကို မြင်တွေ့လိုက်ရကြောင်း၊ ရဟတ်ယာဉ်မှာ နှစ်ပိုင်းပြတ်သွားပြီးနောက် မီးလောင်ကာ ပျက်ကျသွားကြောင်း ပြောဆိုသည်။

ပြသ

ထွန်ရက်ထားသော လယ်ကွင်းထဲတွင် ရဟတ်ယာဉ် အပိုင်းအစများ ပြန့်ကျဲနေသည်ကို ရိုက်တာရုပ်မြင်သံကြားသတင်းက ပြသသည်။ ရဟတ်ယာဉ်ပျက်ကျသည့် နေရာအနီး တစ်ဝိုက်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝိုင်းထားလိုက်ပြီး အသွားအလာမရှိစေရန် တားမြစ်လိုက်သည်။ ခုခံတွန်းလှန်ရေး အင်အားစုများက ဘာလက်ဟော့ခ်သုံးစင်း၊ ချင်နွတ်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းတို့ကို မကြာမီလများအတွင်းက ပစ်ချခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၉ဦး သေဆုံးရသည်ဟု သိရသည်။

(အင်တာနက်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးပန်းတိုင်သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညာလက်တွဲ၍ ကြိုးပမ်းချီတက်ကြပါစို့

ကြယ်ဖြူ

သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့

ယနေ့ကာလ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မည်သည့်ကာလကမျှ မရရှိခဲ့ဖူးသည့် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း အကျိုးရလဒ်ကောင်းများကို ရရှိခဲ့ပြီဖြစ်သည်။ ထိုမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး အတွက် ဘက်စုံ၊ကဏ္ဍစုံတွင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများသည် လူမှုစီးပွားရေးကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ဆက်လက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးအတွက် ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် (Road Map)ကို တိုင်းပြည်သို့ တရားဝင် ရှင်းလင်းကြေညာခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်နှင့်စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲ၍ ရှင်းလင်းပြောကြားခဲ့သည်။

ပထမပိုင်းတွင် လက်ရှိအစိုးရအဖွဲ့ နိုင်ငံတော်၏ တာဝန်ကို စတင်ယူချိန်မှစပြီး ယနေ့အချိန်အထိ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယပိုင်းတွင် နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ တတိယပိုင်းတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အရပ်ရပ်နှင့်အညီ နိုင်ငံတော်၏သမိုင်းကြောင်းအခြေခံများ၊ တိုင်းရင်းသားပြည်သူတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များကိုအခြေခံပြီး အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် ဆက်လက် အကောင်အထည်ဖော်သွားမည့် နိုင်ငံရေး လုပ်ငန်းစဉ်ခုနစ်ရပ်ကို အဆင့်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းတို့မှာ–

ပထမအဆင့် –၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသောအမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့်–အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သောဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် ဆောင်ရွက်ခြင်း။

တတိယအဆင့်–အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း။

စတုတ္ထအဆင့် –ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း။

ဆဋ္ဌမအဆင့်– ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော် အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့် – လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ဖြစ်ကြသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် လူထုအစည်းအဝေးကြီးများကျင်းပ၍ တစ်ခဲနက် ကြိုဆိုထောက်ခံခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ပုဂံလူထု အစည်းအဝေးကြီးကျင်းပ၍ တစ်ခဲနက် ထပ်ဆင့် ကြိုဆိုထောက်ခံခဲ့ကြသည်။

ပုဂံလူထုအစည်းအဝေးကြီးက ကြေညာချက် ခုနစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ပုဂံလူထုအစည်းအဝေးကြီးတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး အဆိုတစ်ရပ်ကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ်ရေး အဆိုတစ်ရပ်ကိုလည်းကောင်း တင်သွင်းခဲ့သည်။ ယင်းအဆိုနှစ်ရပ်စလုံးကို ပုဂံလူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့က တညီတညွတ်တည်း တစ်ခဲနက် သဘောတူထောက်ခံခဲ့ကြသည်။

အလားတူ ၂၀၀၃ ခုနှစ် အောက်တိုဘာလက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံတွင်လည်း မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ် ခုနစ်ရပ် (Road Map) ကို အာဆီယံ ခေါင်းဆောင်များက ချီးကျူးထောက်ခံခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်ခုနစ်ရပ်မှာ အားရဖွယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံ ကျင်းပသွားရန် ရည်ရွယ်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ် ခုနစ်ရပ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မှုများ စတင်နေပြီဖြစ်သည်။ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော အဓိကအဖွဲ့အစည်း သုံးဖွဲ့ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားညီလာခံ ကျင်းပရေး အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရန်နှင့် သက်ဆိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းသားညီအစ်ကိုများ နေထိုင်သည့် တိုင်းနှင့်ပြည်နယ်များသို့ ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့အနက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ကယန်းပြည်သစ်ပါတီ၊ ကယားပြည်နယ် အထူးဒေသ(၂)အဖွဲ့မှ ခေါင်းဆောင်များအပါအဝင် ခုနစ်ဖွဲ့နှင့် မကြာမီက တွေ့ဆုံခဲ့ရာတွင် ထိုခုနစ်ဖွဲ့စလုံးက နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ကြိုဆိုထောက်ခံကြောင်း၊ အမျိုးသားညီလာခံသို့ မပျက်မကွက် တက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချပြီး ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နှစ်ပေါင်းထောင်ချီ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် ပြည်ထောင်စုကြီး၏ သမိုင်းကြောင်း အစဉ်အလာကို မထိခိုက်သော၊ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မထိပါးစေသော၊ အမျိုးသားရေး စရိုက်လက္ခဏာကို မယိုယွင်းစေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပီပြင်စွာထွန်းကားရေးသည် အဓိက ဖြစ်ပေသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ရေရှည်အကျိုးစီးပွားအလို့ငှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်သည့် အမျိုးသားရေးပန်းတိုင်သို့ ချီတက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းထားရမည်ဖြစ်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည် ဖြစ်ပေသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆောက်အအုံများ ပေါ်ထွန်းလာမည် ဖြစ်ပေသည်။ ထိုမှဆက်၍ အမျိုးသားစီးပွားရေး

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးကို ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီ ခြေတော်ရင်းရှိ အားကစားကွင်း၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

ဘဝတိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အလားတူပင် အမျိုးသားစီးပွားရေး တိုးပွားစည်ပင်မှု အခြေခံကောင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုခိုင်ခံ့စေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရန်အတွက် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းရန် လိုအပ်ပေသည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရန် လိုအပ်ပေသည်။ ထို့အပြင် တစ်မျိုးသားလုံး၏ အမျိုးသားပညာရည်အဆင့် မြင့်မားနေရန်လည်း လိုအပ်ပေသည်။

သို့ဖြစ်ရာ ရရှိထားပြီးဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်အတူ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေး** (တစ်နည်းအားဖြင့်) **သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့**ဟူသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်း၍ ခွဲ၊ လုံ့လ၊ ဝီရိယအားများကို ပိုမိုစိုက်ထုတ်လျက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းချီတက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မဟာဗောဓိ စာပြန်ပွဲတော်ကြီး ကျင်းပလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ သီရိမင်္ဂလာမဟာဗောဓိ စာသင်တိုက်ကြီး၌ ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းလုံးဆိုင်ရာ (၅၈)ကြိမ်မြောက် မဟာဗောဓိစာပြန်ပွဲတော်ကြီးကို ကျေးဇူးတော်ရှင် မဟာဗောဓိ ဝိနည်းပြန်ဌာနဥက္ကဋ္ဌ ဂိုဏ်းချုပ်ဖြစ်တော်မူသော သက်တော်ရှည် မဟာဗောဓိဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍာဝံသကြီးမှူး၍ ဇန်နဝါရီ ၂ရက်မှ စတင်ကာ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ စာပြန်ပွဲတော်ရက်များအတွင်း နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ၏ တရားပွဲများကိုလည်း ညစဉ်ကျင်းပလျက်ရှိသည်။ (က-ပ)

စက်မှုဇုန်မြို့ ၂၀ ခေတ်ကျော်လွှား

သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အမိန့်ကြော်ငြာစာ (၁/ ၂၀၀၄) ထုတ်ပြန်

(ယမန်နေ့မှအဆက်)

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၅၂။ ဒေါ်သုဓမ္မစာရီ၊ သာသနမဏ္ဍိုင်ရီကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၅၃။ ဒေါ်သာရမတီ၊ သီရိဇေယျာစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒောဘာသ၊ အောင်မြေသာယာကျောင်းတိုက်၊ လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တဇဋိလ၊ မြို့မသာသနာပြုစာသင်တိုက်၊ ပြည်တော်သာရပ်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။
၃။ ဘဒ္ဒန္တကေသဝ၊ ဘုရားငါးဆူကျောင်းတိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၄။ ဘဒ္ဒန္တအာသဘ၊ ဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း (အရှေ့ပိုင်း)။
၅။ ဘဒ္ဒန္တနေမိန္ဒ၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၆။ ဘဒ္ဒန္တသောဘိတ၊ နန်းဦးစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၇။ ဘဒ္ဒန္တပါမောက္ခ၊ မဟာဗောဓိကျောင်းတိုက်၊ ကျောက်တန်းရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၈။ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်မြေသာယာကျွန်း၊ တောကျောင်းတိုက်၊ ရွာဘဲရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၉။ ဘဒ္ဒန္တဇဋိလ၊ မြို့ခင်းသာတောင်ကျောင်း၊ ဂန့်ဂေါမြို့၊ မကွေးတိုင်း။
၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ဖျောက်ဆိပ်ပင်ကျောင်းတိုက်၊ လက်ပံတုံးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်း။
၁၁။ ဘဒ္ဒန္တကဋ္ဌန၊ ရှစ်မျက်နှာကျောင်းတိုက်၊ မလှိုင်မြို့၊ မန္တလေးတိုင်း။
၁၂။ ဘဒ္ဒန္တပညာသာမိ၊ ရွှေအင်းရိပ်သာ စာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။
၁၃။ ဘဒ္ဒန္တဓမ္မာဝုဓ၊ မြတ်ရွှေဂူစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၁၄။ ဘဒ္ဒန္တဥတ္တမ၊ ဓမ္မကာမီပရိယတ္တိစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၁၅။ ဘဒ္ဒန္တဣန္ဒဝံသ၊ ဒက္ခိဏာရာမဝိဟာရ တောင်ကျောင်း၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်။
၁၆။ ဘဒ္ဒန္တဇနိန္ဒ၊ တန်းခိုးပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၁၇။ ဘဒ္ဒန္တတေဇဝန္တ၊ သာယာကုန်းကျောင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။
၁၈။ ဘဒ္ဒန္တဥတ္တမသာရ၊ ကျောင်းသစ်ကျောင်းတိုက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။
၁၉။ ဘဒ္ဒန္တဉာဏဝံသ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၀။ ဘဒ္ဒန္တဝိသုဒ္ဓရံသီ၊ ဓမ္မသိင်္ဂီပျော်ဘွယ်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၂၁။ ဘဒ္ဒန္တဝေပုလ္လ၊ ဥယျာဉ်ကျောင်း၊ မိုင်းပွန်မြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။
၂၂။ ဘဒ္ဒန္တတိလောက၊ မိုးကောင်းစာသင်တိုက်၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၂၃။ ဒေါ်ကေဝလ၊ ဇေယျသိင်္ဂီချောင် သီလရှင်ကျောင်းတိုက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်။
၂၄။ ဒေါ်ကဋ္ဌနရံသီ၊ သမိဒ္ဓေါဒယဓမ္မဇောတိကာရုံကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း (အရှေ့ပိုင်း)။
၂၅။ ဒေါ်သုစန္ဒာ၊ ဓမ္မာရုံသီလရှင်စာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း (အရှေ့ပိုင်း)။
၂၆။ ဒေါ်ဝံသစာရီ၊ ပဋ္ဌာရာမသီလရှင်ကျောင်းတိုက်၊ ဆောမြို့၊ မကွေးတိုင်း။
၂၇။ ဒေါ်ဥတ္တရဝတီ၊ ဇိနောဒယသီလရှင်စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၈။ ဒေါ်ရူပသိင်္ဂီ၊ သဒ္ဓမ္မပါလစာသင်တိုက်၊ သမ္ဗုဒ္ဓေချောင်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၉။ ဒေါ်အာယုဉာဏီ၊ အနိဿာသီလရှင်စာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃၀။ ဒေါ်ပညာသိင်္ဂီ၊ တိရတနာသီလရှင်စာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာသာမိ၊ အရိယဝံသကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တသုမန၊ မိုးညှင်းသမ္ဗုဒ္ဓေကျောင်းတိုက်၊ မြေနဲကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တဇနန၊ သိင်္ဂါရုံကျောင်းတိုက်၊ ခင်မွန်ကျေးရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တအာသဘ၊ မဟာစည်သာသနာ့ရိပ်သာ၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၅။ ဘဒ္ဒန္တသြဿဓ၊ ကန်ဖျားမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၊ ဝက်ထီးကန်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၆။ ဘဒ္ဒန္တသုန္ဒရ၊ မိုးကုတ်ရိပ်သာကျောင်း၊ အမှတ် (၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၇။ ဘဒ္ဒန္တကောသလ္လ၊ ရတနာပင်စည်ဘုရားကြီးတပ်ဦးကျောင်း၊ မောင်းတိုင် (၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဒဿန၊ ကျောက်ဝိုင်းကျောင်းတိုက်၊ ရွာသာယာရွာ၊ ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။
၂။ ဘဒ္ဒန္တသုဝဏ္ဏ၊ ဝိမလဓမ္မနာဒ (ခတ်လယ်)ကျောင်းတိုက်၊ ဓညဝတီရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၃။ ဘဒ္ဒန္တပဏ္ဍာဝံသ၊ မဟာစည်မြဝတီသာသနာ့ရိပ်သာ၊ ကြီးပွားရေးရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဘဒ္ဒန္တဉာနသာမိ၊ ဓမ္မစကြာပဋိပတ်ရိပ်သာကျောင်းတိုက်၊ အမှတ် (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

ကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိယဝံသ၊ တပ်ရာကုန်းကျောင်းတိုက်၊ မြို့မရပ်ကွက်၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဣန္ဒြိယ၊ မဲဘောင်ကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တဇနိန္ဒ၊ ဇမ္ဗူမင်္ဂလာကျောင်းတိုက်၊ ထုံးဘိုရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မဟာထူပါရုံ စာသင်တိုက်ကြီးနှင့် မဟာထူပါရုံ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၄။ ဘဒ္ဒန္တပညာဒီပ၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
၅။ ဘဒ္ဒန္တဇဝန၊ လေသာပရိယတ္တိပြန့်ပွားရေးကျောင်းတိုက်၊ စုကြီးရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။
၆။ ဘဒ္ဒန္တအဂ္ဂိယ၊ ဇယမေဒနီဝါဆိုကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။
၇။ ဘဒ္ဒန္တဂန္ဓမာနန္ဒ၊ ပရိယတ္တိပါရဂူ စာသင်တိုက်၊ ဆပ်သွားအလယ်ရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်။
၈။ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဘဒ္ဒန္တသောဘန၊ သောဘနာဝါသကျောင်း၊ မြသိန်းတန်ပရိယတ္တိ စာသင်တိုက်၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာရဒ၊ ပရဟိတကျောင်း၊ ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တကလျာဏ၊ ကန္ဒရဝတီကျောင်းတိုက်၊ ချိကယ်ရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တဇာဂရ၊ ကော့ဒါန်သာသနရက္ခိတကျောင်း၊ ကော့ဒါန်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။
၄။ ဘဒ္ဒန္တနန္ဒိယ၊ ဇမ္ဗူမြိုင်ကျောင်းတိုက်၊ အမှတ် (၆)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၅။ ဘဒ္ဒန္တပညာသီရိ၊ တောင်ပုလုပရိယတ္တိ၊ ပဋိပတ္တိတိုက်ခွဲ၊ အနောက်ရပ်ကွက်၊ မင်းတပ်မြို့၊ ချင်းပြည်နယ်။
၆။ ဘဒ္ဒန္တစန္ဒိမာ၊ မြင်းတင်ကျောင်းတိုက်၊ ကာဘိုးကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၇။ ဘဒ္ဒန္တဇနိတ၊ ဒက္ခိဏာရာမကျောင်းတိုက်၊ မြစေတီကျေးရွာ၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၈။ ဘဒ္ဒန္တကုဏ္ဍလ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ညောင်ပင်သာကျေးရွာ၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၉။ ဘဒ္ဒန္တဓမ္မပါလ၊ စကားလှဓမ္မာရုံကျောင်းတိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။
၁၀။ ဘဒ္ဒန္တဥတ္တရ၊ မင်္ဂလာရာမကျောင်းတိုက်၊ သာထွန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၁။ ဘဒ္ဒန္တလက္ခဏ၊ မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာ၊ ကျစွာချောင်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၂။ ဘဒ္ဒန္တဉာဏောဘာသ၊ ရတနာဗိမာန်ထူပါရုံ ရွှေကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၁၃။ ဘဒ္ဒန္တကောသလ္လာဘိဝံသ၊ ရွှေသမားကျောင်းတိုက်၊ သောဘိတာရာမ အမှတ်(၁) အခမဲ့ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရွှေသမားရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၁၄။ ဘဒ္ဒန္တစန္ဒမာလာ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ ပန်းတင့်အင်းကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။
၁၅။ ဘဒ္ဒန္တကောသလ္လ၊ ဥဿျာလင်္ကာရကျောင်းတိုက်၊ တလိုင်းတောင်ကျေးရွာ၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်း။
၁၆။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ဓမ္မိကာရုံကျောင်းတိုက်၊ ဘုရားကြီးပိုင်းရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း (အရှေ့ပိုင်း)။
၁၇။ ဘဒ္ဒန္တဝိမလာစာရ၊ မဟာပဏ္ဍိတာဘိဝံသ၊ အင်းချောင်းကျောင်းတိုက်၊ မြို့မ (၁)ရပ်ကွက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း (အရှေ့တိုင်း)။
၁၈။ ဘဒ္ဒန္တကလျာဏ၊ ကန်တော်မင်္ဂလာ ပရဟိတကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း(အရှေ့တိုင်း)။
၁၉။ ဘဒ္ဒန္တစန္ဒိမာစာရ၊ ထားဝယ်ကျောင်းတိုက်၊ ဆင်စုရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၂၀။ ဘဒ္ဒန္တအရိယဝံသ၊ ဝါဆိုဦးပရိယတ္တိစာသင်တိုက်၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၂၁။ ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၂၂။ ဘဒ္ဒန္တဇာဂရ၊ ကျောင်းသစ်ကျောင်း၊ ဆင်မြီးဆွဲမြို့၊ သန္ဓေပင်အုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၂၃။ ဘဒ္ဒန္တဝါယမ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၂၄။ ဘဒ္ဒန္တကဝိဓဇ၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြောက်ရှားတောကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်း။
၂၅။ ဘဒ္ဒန္တဝိစာရ၊ မဟာဝိသုတာရာမ (အလယ်တိုက်)၊ အမှတ်(၁၀) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၂၆။ ဘဒ္ဒန္တသုမင်္ဂလ၊ မင်္ဂလာရာမကျောင်းတိုက်၊ ပျဉ်းချောင်းကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်း။
၂၇။ ဘဒ္ဒန္တဓမ္မပိယံ၊ ကျောက်မော်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်း။
၂၈။ ဘဒ္ဒန္တနန္ဒသာမိ၊ သစ္စာဝါဒီကျောင်းတိုက်၊ မူးရစ်ကြီးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။
၂၉။ ဘဒ္ဒန္တကလျာဏ၊ ကျောင်းသစ်ကျောင်း(ကလျာဏမိတ္တ)၊ ဖားအောက်ကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၃၀။ ဘဒ္ဒန္တခေမာစာရ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ရုံးကြီးလမ်း၊ နန်းခဲရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။
၃၁။ ဘဒ္ဒန္တသြဿဓ၊ မြလေးကျောင်း၊ အနောက်ထီးလင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃၂။ ဘဒ္ဒန္တကောသလ္လ၊ ဖလံကုန်းတောင်ကျောင်းတိုက်၊ ဖလံကုန်းကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။
၃၃။ ဘဒ္ဒန္တသုမန၊ ထန်းပင်တိုက်ကျောင်း၊ ထန်းပင်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း။
၃၄။ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၃၅။ ဘဒ္ဒန္တသုနန္ဒ၊ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။
၃၆။ ဘဒ္ဒန္တစက္ကိန္ဒ၊ ဓမ္မဒီပကျောင်း၊ တန်ဆောင်းကြီးကျောင်းတိုက်၊ အမှတ်(၁၂) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။
၃၇။ ဘဒ္ဒန္တစန္ဒ၊ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၃၈။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ရတနာဗိမာန်ပရိယတ္တိစာသင်တိုက်၊ အနောက်မင်းလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။
၃၉။ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မူလကျောက်ချောင်းပရိယတ္တိစာသင်တိုက်၊ ဧရာဝဏ်လမ်း၊ (၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၄၀။ ဘဒ္ဒန္တပညာစက္က၊ သုခိတာရာမ တောရကျောင်းတိုက်၊ ၆/၁၀ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၁။ ဘဒ္ဒန္တဓမ္မသာမိ၊ အနောက်အုတ်ကျင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၂။ ဘဒ္ဒန္တဝိလာသ၊ ငုက္ခလေးကျောင်း၊ ငုက္ခလေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။
၄၃။ ဘဒ္ဒန္တပညာသာမိ၊ မဟာမြတ်မုနိပရိယတ္တိစာသင်တိုက်၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။
၄၄။ ဘဒ္ဒန္တပညာဘောဂ၊ ဝမ်ခုံကျောင်းတိုက်၊ ဝမ်ခုံကျေးရွာ၊ ဆိုင်းလျှံတောင်တန်း၊ မိုင်းရှူးမြို့နယ်၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၅။ ဘဒ္ဒန္တအရိယဝံသ၊ ရွှေယဉ်တောင်ကျောင်းတိုက်၊ ပဲရင်းတောင်ကျေးရွာ၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၆။ ဘဒ္ဒန္တကုန္ဒဝံသဓဇ၊ ဟမ်းဆီးကျောင်းတိုက်၊ ဟမ်းဆီးကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၇။ ဘဒ္ဒန္တပဏ္ဍာဝံသ၊ ဇေယျဝတီအနောက်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ကျွန်းကုန်းမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Mr.SimonTensing de Cruzနှင့်ဇနီးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

★ နိုင်ငံတော်မှ

တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်နှင့်ဇနီး၊ ရှေ့နေချုပ်နှင့်ဇနီး၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများမှ ဆုချီးမြှင့်ခံရသည့် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာတို့ဖြင့်လည်းကောင်း ညှော်ခံဖျော်ဖြေကြသည်။ (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ **အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ အသီးသီး ပေးပို့လျက်ရှိကြသည်။**

ဘင်္ဂလားဒေ့ရှ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံသမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဝမ်းမြောက်ဂုဏ်ယူမှုဖြစ်ရပါကြောင်း။

နှစ်နိုင်ငံ ပြည်သူလူထု၏ အကျိုးစီးပွားများအတွက် မိမိတို့ အိမ်နီးချင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူကလမ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ ပြည်သူလူထုကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော်၏နိုင်ငံတွင် ငြိမ်းချမ်းသာယာဝပြောမှု ဆတိုးဖြစ်ပေါ်စေရန်နှင့် အိမ်နီးချင်းမိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ဖြစ်ပေါ်စေရန် ဆန္ဒပြုပါကြောင်းဖော်ပြထားသည်။

ထိုင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံအကြား အာဆီယံအခြေခံမူကောင်းများနှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်နေပြီး ဆက်လက်ခိုင်မာတိုးတက်မည်ဟုယုံကြည်ကြောင်းဖော်ပြသည်။

ကမ္ဘောဒီးယား

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံပြည်သူများနှင့် အာဆီယံအကျိုးစီးပွားတို့အတွက် ပိုမိုခိုင်မာလာမည်ဟု အပြည့်အဝယုံကြည်ကြောင်း ဖော်ပြထားသည်။

(ဆက်လက်ဖော်ပြပါမည်)

✪ (၅၆)နှစ်မြောက်မှ

ထို့အတူ အခမ်းအနားကျင်းပရာ ပြည်သူ့ရင်ပြင်အတွင်း၌ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဗဟိုအကြီးအကဲများ၊ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူးများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုမှဒေသဆိုင်ရာညှိနှိုင်းရေးမှူးများ၊ တိုင်း၊ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း(၁၆)ဖွဲ့မှ ကိုယ်စားလှယ်များ၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ စုစုပေါင်းအင်အား ၇၀၀ကျော်ကလည်း နေရာယူထားကြသည်။

နိုင်ငံတော်အလံအလေးပြုပွဲ

ရှေ့ဦးစွာ နံနက် ၄နာရီ မိနစ်၂၀ တွင် ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပပြီးနောက် နံနက် ၇နာရီတွင် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်အတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်ထားသည့်နေရာ၌ နေရာယူကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရောက်ရှိလာကာစင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကိုအလေးပြုကြရာဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။ ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာလေးချက် ရွတ်ဆိုပြီးနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသည်။**(အောက်ပုံ)**

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူပြည်သူလူထုကြီးက ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်

စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ကျင်းပရာ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ၂၀၀၄ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၀၄ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားသည်။

(အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ အမှာစကားကို သီးခြားဖော်ပြထားသည်။)

ယင်းနောက် ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၄ ခုနှစ် (၅၆)နှစ် မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ များအား ဆုချီးမြှင့်ရာ ရှေးဦးစွာ အခြေခံပညာ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်း ကျောင်းမှ သတ္တမတန်းကျောင်းသူ မရွှေစင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မနုထက်ထက်လွင်နှင့် တတိယဆုရ မွန်ပြည်နယ် မော်လမြိုင် မြို့ အမှတ်(၄) အခြေခံပညာအလယ် တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်နိုင်အုပ်ကျော်တို့အား ဆုများ ချီးမြှင့်သည်။

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရ ပဲခူး ဒီဂရီကောလိပ်မှ တတိယနှစ် မြန်မာစာဂုဏ်ထူးတန်းကျောင်းသူ မစောဣန္ဒာသက်မောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ အခြေခံပညာအလယ် တန်းဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်းမှ ပဋ္ဌမတန်းကျောင်းသား မောင်ထက်အောင်လင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်သာနိုးနှင့် တတိယဆုရ ထားဝယ်မြို့ အမှတ် (၁)အခြေခံပညာအလယ်တန်းကျောင်း မှ သတ္တမတန်း ကျောင်းသား မောင် အောင်သူရိန်ထွန်းတို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာအလယ် တန်းဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း မှ သတ္တမတန်းကျောင်းသား မောင် ဇော်တိကမောင်မောင်မြင့်၊ ဒုတိယ ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း မှ သတ္တမတန်း ကျောင်းသား မောင်ကောင်းစည်သူနှင့် တတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ရန် နိုင်ဦးတို့အား ဆုများချီးမြှင့်သည်။

စာစီစာကုံးဆု

ဆက်လက်၍ အခြေခံပညာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ပထမဆုရ ပဲခူးတိုင်း သုံးဆယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဝေသီမြင့်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဗေပရယ်ထွန်းနှင့် တတိယဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မယဉ်မင်းအေး တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် အခြေခံပညာအထက် တန်းဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်း နတ်တလင်းအခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်း ကျောင်းသား မောင်သူရစိုး၊ ဒုတိယ ဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း မှ နဝမတန်းကျောင်းသူ မမေဇင်ဦးနှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း မှ အဋ္ဌမတန်း ကျောင်းသူ မနန်းငုဝါ ဖူးပွင့်ဦးတို့အား ဆုများချီးမြှင့်သည်။

ကွန်ပျူတာပန်းချီဆု

ဆက်လက်၍ အခြေခံပညာအထက် တန်းဆင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်း ကျောင်းမှ အဋ္ဌမတန်း ကျောင်းသူ မရွှေရည်ဝင်း၊ ဒုတိယဆုရ ရန်ကုန် တိုင်း လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသရဖူအောင် နှင့် တတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား မောင်မြတ်ဇော်ဟိန်း တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် အခြေခံပညာ အထက် တန်းဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိ ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်း တိုင်း စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ အဋ္ဌမ တန်း ကျောင်းသူ မတင်ဆုမွန်၊ ဒုတိယ ဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်းမှ နဝမတန်းကျောင်းသူ မပန်း ငြိမ်းဟန်နှင့် တတိယဆုရ မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား မောင်ပိုင်စိုးသူဝင်းဦးနှင့် တတိယဆုရ ရန်ကုန်တိုင်း ကမာရွတ် မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မမေသက်နွယ်ဦးတို့အား ဆုများချီးမြှင့်သည်။

တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်

ဆက်လက်၍ တက္ကသိုလ်ကောလိပ် သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ တပ်မတော်နည်းပညာ တက္ကသိုလ်မှ စတုတ္ထနှစ် အီလက် ထရောနစ် ကျောင်းသား ဗိုလ်လောင်း ဝေဇင်သိန်း၊ ဒုတိယဆုရ ဆေး(ဝါး) ကျွမ်းကျင်မှုတက္ကသိုလ် (မန္တလေး)မှ တတိယနှစ် ကျောင်းသူ မသဲဦးလွင်နှင့် တတိယဆုရ ပြည်ထောင်စု တိုင်းရင်း သား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ဒုတိယ နှစ် စက်မှုစွမ်းအား ကျောင်းသား မောင်နေသူရိန်စိန်လှတို့အား ဆုများ ချီးမြှင့်သည်။

ယင်းနောက် တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ ဆုရ ပဲခူးဒီဂရီကောလိပ်မှ တတိယနှစ် မြန်မာစာဂုဏ်ထူးတန်း ကျောင်းသူ မစောဣန္ဒာသက်မောင်၊ ဒုတိယဆုရ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အမ်ဘီဘီအက်စ် ကျောင်းသား မောင် သီဟထွန်းနှင့် တတိယဆုရ တပ် မတော် နည်းပညာတက္ကသိုလ် (ပြင်ဦးလွင်)မှ တတိယနှစ် စက်မှု အင်ဂျင်နီယာကျောင်းသားဗိုလ်လောင်း ဘိုဘိုအောင်တို့အား ဆုများချီးမြှင့် သည်။

ဆက်လက်၍ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံအဆင့် ရုပ်မြင်သံကြားဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ တတိယနှစ် ပညာရေးဘွဲ့သင်တန်း ကျောင်းသား မောင်နေမျိုးလွင်၊ ဒုတိယဆုရ ဒဂုံတက္ကသိုလ် တတိယ နှစ် ဂုဏ်ထူးတန်း ရူပဗေဒ ကျောင်းသူ မမော်လီသန်း၊ တတိယဆုရ တပ် မတော် နည်းပညာ တက္ကသိုလ်မှ နောက်ဆုံးနှစ် စက်မှုကျောင်းသား ဗိုလ်လောင်းစန်းယုနိုင်နှင့် တတိယ ဆုရ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်)မှ ဒုတိယနှစ် စက်မှုစွမ်းအားကျောင်းသား မောင်နေ သူရိန်စိန်လှတို့အား ဆုများချီးမြှင့် သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား အခြေခံ ပညာအထက်တန်းဆင့် ရုပ်မြင် သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်တိုင်း ကမာရွတ် မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မမေသက်နွယ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား ရာတွင် မြန်မာ့လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံသမိုင်းတွင် အလွန်ထူးခြား သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ မိမိတို့၏ မြန်မာနိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းများစွာ ကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မိမိအချုပ်အခြာအာဏာကို မိမိပိုင်ဆိုင် သည့် လွတ်လပ်သော နိုင်ငံတော် အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည် ဝါဝါ ရပ်တည်ခဲ့ရာက (၁၉)ရာစု ကုန်ခါနီးတွင် နိုင်ငံတော်ကြီး၏ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရကြောင်း။

သမိုင်းပေးတာဝန်

မိမိတို့၏ အဘိုး၊ အဘွားများ ဖြစ် သည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ခဲ့ကြသည့် အတွက် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ကြောင်း။

ပြန်လည်ရရှိခဲ့သည့် လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးကို ထိန်းသိမ်းကာကွယ် စောင့် ရှောက်ရမည့် တာဝန်သည် မိမိတို့ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ သမိုင်းပေး တာဝန်တစ်ရပ်ဖြစ်ပါ ကြောင်း။

ယနေ့ (၂၁)ရာစုကာလတွင် မြန်မာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် သစ်ကြီးအဖြစ် တည်ဆောက်ရေး အတွက် ပြည်ထောင်စု တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဤကဲ့သို့အချိန်ကာလမျိုးတွင် ကြုံတွေ့ လာရမည့် ပြဿနာများ၊ နိုင်ငံရေး အရ၊ စီးပွားရေးအရ၊ ပညာရေးအရ စိန်ခေါ်မှုများကို မိမိတို့၏ တိုင်းချစ် ပြည်ချစ် အမျိုးချစ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စသည့် ကိုယ်ခံ အင်အားများဖြင့် ကြံ့ကြံ့ခံပြီး အောင်အောင်မြင်မြင် ဖြေရှင်းနိုင်ရန် ပြင်ဆင်ထားရမှာဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်မည်

ယခုအချိန်တွင်နိုင်ငံတော်က ချမှတ် ဆောင်ရွက်လျက်ရှိသည့်ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တော်ကြီး တည်ဆောက်အံ့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် တက်တက် ကြွကြွပါဝင်ပြီး ပညာပြည့်ဝ စိတ်ဓာတ် လှသူများဖြစ်အောင်ကြိုးပမ်းအားထုတ် ကြပါမည်ဟုပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ကျောင်းသား၊ ကျောင်းသူများသည် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက် ခံယူ၍ **အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်** တည်ဆောက်ရာတွင် ကျရာတာဝန်ကို တက်ကြွကျေပွန်စွာ ထာဝစဉ် သယ်ပိုး ထမ်းဆောင်သွားပါမည်ဟုလေးစားစွာ ဂါရဝပြု ကတိပေးအပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗဟို ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၀၄ (တနင်္လာနေ့)

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ရက်၊ အဖိတ်နေ့

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓမ္မာအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၅ ၇။ သံလွင်တံတား(မော်လမြိုင်)
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၆။ အကပဒေသာ
- ၅:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၃၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၀၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအကများ
- ၆:၁၅ ၁၁။ Discovery
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success In Soccer.
- ၇:၁၀ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာတည်မှုဒို့ရှေးရှု **ဂုဏ်ပြုထိုက်ပေ ပင်လုံမြေ**
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၉)**
- ၂၂။ **၂၀၀၄ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၄ခုနှစ် ဇန်နဝါရီလ၃ရက်နေ့ မြန်မာစံတော်ချိန် ၂၃နာရီ ၀၅မိနစ် ၃၅စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင်၅၄၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၁အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန် သည်။

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

အမှာစကားပြောကြား

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဥာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ပြည်သူတိုင်းမှ

လွတ်လပ်ရေးရဲ့အဓိပ္ပာယ်၊ လွတ်လပ်ရေးကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပုံတို့ကို အချက်အလက်၊ အကိုးအကား၊ သမိုင်းအထောက်အထား စုံလင်စွာနဲ့ ရေးသားသရုပ်ဖော်တင်ပြနိုင်ခဲ့ကြတဲ့ ဆုရ ကျောင်းသား၊ ကျောင်းသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းဟာ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

ဦးတည်ချက်

ဒီနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် လေးရပ်အဖြစ်

- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဆိုတဲ့ အမျိုးသားရေးဦးတည်ချက်များကို ချမှတ်ပေးခဲ့ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ ပြည်ထောင်စုသားညီအစ်ကိုမောင်နှမတွေဟာ ရှေးနှစ်ပေါင်းများစွာကစပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူလက်တွဲနေထိုင်ခဲ့ကြပါတယ်။ ခေတ်အဆက်ဆက်မှာ အမိနိုင်ငံတော်ရဲ့ဂုဏ်ကို ထိန်းသိမ်းခဲ့ကြပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အထိပါးမခံတဲ့ ဇာတိမာန်စိတ်ဓာတ်၊ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေနဲ့ ကာကွယ်ခဲ့ကြပါတယ်။

ခိုင်မာတောင့်တင်း

နိုင်ငံတော်ရဲ့ စည်းလုံးညီညွတ်ရေး ခိုင်မာတဲ့ကာလတွေမှာ နိုင်ငံတော်ရဲ့ အင်အားဟာ အလွန်ခိုင်မာတောင့်တင်းခဲ့ပါတယ်၊ အိမ်နီးချင်းနိုင်ငံများရဲ့ လေးစားမှုကိုလည်း အပြည့်အဝ ခံယူခဲ့ရပါတယ်၊ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့မှာ စည်းလုံးညီညွတ်တဲ့ နိုင်ငံတော်ကြီးအဖြစ် သုံးကြိမ်တိုင်တိုင် တည်ထောင်နိုင်ခဲ့တာကို သမိုင်းမှာ အထင်အရှားတွေ့နိုင်ပါတယ်။

မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုတဲ့ စိတ်ဓာတ်ကောင်းတွေနဲ့ ပြည့်ဝခဲ့တဲ့ မြန်မာတွေဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသူတွေဖြစ်ပါတယ်၊ ကိုယ့်ရိုးရာဓလေ့ကို တန်ဖိုးထားသူတွေလည်း ဖြစ်ပါတယ်၊ နိုင်ငံနဲ့ လူမျိုးအတွက် အသက်စွန့်ဖို့ ဝန်မလေးသူတွေလည်းဖြစ်ပါတယ်၊ ဒီလိုစိတ်ဓာတ်ကောင်းတွေနဲ့ ပြည့်စုံတဲ့အတွက်ကြောင့်လည်း ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးကို အသက်သွေးချွေးတွေနဲ့ စတေးပြီး ပြန်လည်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရရှိပြီးတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် အစဉ်ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်သလို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံသားအားလုံး အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်ဟာလည်း အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန် တစ်ရပ်ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးမှာ အသင်းနာယကကြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

> **လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေများကို ဆန်းစစ်ပြီး ရရှိခဲ့တဲ့ သင်ခန်းစာများကြောင့် အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ စည်းကမ်းရှိရှိ ကျင့်သုံးနိုင်အောင် ပဓာနကျတဲ့ အခြေအနေသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမှာဖြစ်တယ်။ အဲဒါတွေကတော့ နိုင်ငံတော် အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးနဲ့ အမျိုးသားပညာရည် မြင့်မားအောင် ဆောင်ရွက်ရေးတို့ပဲဖြစ်တယ်**

လို့ လမ်းညွှန်မြွက်ကြားခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မိန့်ကြားချက်နဲ့အညီ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မိမိတို့ရဲ့စွမ်းပကားကို အပြည့်အဝအသုံးချပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ရှေးရှုနေ

ယခုအခါမှာဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုပြီး တစ်မျိုးသားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်တဲ့ အမိနိုင်ငံတော်ကြီးဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးအဖြစ်ပေါ်ထွန်းလာရေးကို ရှေးရှုနေပြီဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံ့တာဝန်ရယူချိန်ကစပြီး ဦးစားပေးပြီး အကောင်အထည်ဖော်ခဲ့တယ်၊ တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စီမံကိန်းတွေချမှတ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့တာကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပါတယ်၊ ယခုအချိန်အခါမှာ ဒီအဖွဲ့အစည်းတွေရဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ မိမိတို့ရဲ့ဒေသမှာသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းတွေမှာပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍမှာလဲ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရဟာ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေဖို့ စီးပွားရေး၊ လူမှုရေးနဲ့ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားစီမံကိန်းအဆင့်ဆင့် ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။

စီးပွားရေးကဏ္ဍမှာ လယ်ယာကဏ္ဍကို အထူးအလေးထား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးမှုဟာလည်း အရေးပါတဲ့အလျောက် နိုင်ငံပိုင် စက်မှုလုပ်ငန်းကြီးများရဲ့ စွမ်းဆောင်မှုအရည်အသွေးမြင့်မားအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒေသအလိုက် စက်မှုလုပ်ငန်းများ တိုးတက်ရေးကိုလည်း အားပေးခဲ့ပါတယ်။

တိုးတက်ဖြစ်ထွန်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေးဟာ အခြေခံအဆောက်အအုံတစ်ခု ဖြစ်ပါတယ်၊ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာ လမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိတဲ့အတွက် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာခဲ့ပါတယ်။

ယနေ့အချိန်အခါဟာ ပြည်ထောင်စုကြီးနဲ့ တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးပမ်းနေတဲ့ အချိန်အခါ ဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရဟာ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုတဲ့ အမျိုးသားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခြေခံပညာကဏ္ဍမှာ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်အထိ တိုးတက်လာခဲ့ပါတယ်၊ အဆင့်မြင့်ပညာကဏ္ဍမှာလည်း တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ သင်ကြားရေးအစီအစဉ်မှာလည်း ဘာသာရပ်များ၊ သင်တန်းများကို တိုးချဲ့ရာမှာ ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြား နိုင်ခဲ့ပြီဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို မြင့်တွေ့နေရပြီး ပြည်သူအများ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမားနဲ့ ပြည့်ပြည့်ဝဝ ရရှိလာခြင်းဟာ နိုင်ငံတော်ရဲ့ လူမှုရေးကဏ္ဍအဆင့်အတန်း တိုးတက်မြင့်မားမှုကို ဖော်ညွှန်းပြသနေပါတယ်၊ ဆေးပညာတက္ကသိုလ်အနေနဲ့လည်း ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ ဆေးပညာဆိုင်ရာ တက္ကသိုလ် ၁၄ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါတယ်။

ဆက်သွယ်ရေးကဏ္ဍမှာလည်း နိုင်ငံတကာမှာ ပြောင်းလဲတိုးတက်နေတဲ့ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာသစ်တွေကို အသုံးပြုပြီး နိုင်ငံတကာ ဆက်သွယ်ရေးကွန်ရက်မှာ လိုက်လျော်ညီထွေ ချိတ်ဆက်ထားနိုင်နေပြီဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်ပါတယ်၊ ဒီမူဝါဒလမ်းစဉ်ခုနစ်ရပ်ဟာ အနာဂတ်နိုင်ငံတော်ရဲ့ အခြေခံအုတ်မြစ်များဖြစ်ပါတယ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးကြတဲ့ ပြည်သူတိုင်းက လိုလားတောင့်တနေကြတဲ့ မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ အင်တိုက်အားတိုက် ပါဝင်ရန်လည်း လိုအပ်ပါတယ်။

ဒီနေ့ ကျောင်းသား၊ကျောင်းသူ လူငယ်လူရွယ်များဟာ လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်နဲ့ အနှစ်သာရကို သိရှိနားလည်သဘောပေါက်စေဖို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေကို ကျင်းပပြုလုပ်ခဲ့တာဟာ ဒီနှစ်ပါဆိုလျှင် (၁၃)ကြိမ်ရှိခဲ့ပြီဖြစ်ပါတယ်၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကတော့ ဒီပြိုင်ပွဲပါဆိုလျှင် (၁၂)ကြိမ်ရှိပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲကတော့ (၈)ကြိမ်ရှိပြီဖြစ်ပါတယ်။

ဒီနှစ်အတွင်း တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်အဖြစ် **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အားမာန်သစ်များ**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **မျိုးချစ်မြန်မာ ပီစိမ့်ဟုလျှင်**၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်အဖြစ် **ပညာရေးဖြင့် တည်ဆောက်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **အောင်လံတလူလူ**၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ခေါင်းစဉ်အဖြစ် **မြန်မာပြည်သည် ဒို့ပြည်**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **အေးချမ်းခေတ်မီ ပြည်သစ်တည်** ဆိုတဲ့ ခေါင်းစဉ်များကို သတ်မှတ်ခဲ့ပြီး ပြိုင်ပွဲများကို ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ဒီနှစ် တက္ကသိုလ်၊ကောလိပ်၊သိပ္ပံအဆင့်ယှဉ်ပြိုင်သူ နှစ်ထောင့်ရှစ်ရာနှစ်ဆယ့်ငါးဦး၊ အခြေခံပညာအထက်တန်းအဆင့် ယှဉ်ပြိုင်သူ တစ်သိန်းနှစ်သောင်းတစ်ထောင့်ရှစ်ရာခုနစ်ဆယ်ခြောက်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ယှဉ်ပြိုင်သူ နှစ်သိန်းတစ်သောင်းငါးထောင့်နှစ်ရာငါးဆယ့်ရှစ်ဦးဖြစ်လို့ ပါဝင်ယှဉ်ပြိုင်သူ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း သုံးသိန်းသုံးသောင်း ကိုးထောင့် ကိုးရာငါးဆယ့် ကိုးဦးဖြစ်ပါတယ်။

ဂုဏ်ယူအားရဖွယ်

ဒီနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွေမှာ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ အဆင့်တိုင်းမှာ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တစ်နှစ်ထက်တစ်နှစ် အရေအတွက်သာမက အရည်အချင်းပါ တိုးတက်မြင့်မားလာကြောင်း ဂုဏ်ယူအားရဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။

နိဂုံးချုပ်အနေနှင့် ယခုလိုကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပပြုလုပ်ခဲ့တဲ့ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနဲ့ ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများသာမက ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူအားလုံးနဲ့ လူငယ်ထုတစ်ရပ်လုံးဟာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် အစဉ်အမြဲ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်း အောင်မြင်အောင် ကျရာကဏ္ဍမှာ ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ကြပါ၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးနဲ့အတူ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ၊**
- **(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များနဲ့အညီ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုတဲ့ စိတ်ဓာတ်များ ပိုမိုရှင်သန်ထက်မြက်လာအောင် လူငယ်လူရွယ် ကျောင်းသား၊ကျောင်းသူများအနေနဲ့ မွေးမြူလေ့ကျင့်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ (သတင်းစဉ်)

☞ ကန်တော်ကြီးဥယျာဉ်မှ

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Relaxation Zone, Education Zone နှင့် Central Symbol Zone များတွင် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က Central Symbol Zone အတွင်း ကန်တော်ကြီးဥယျာဉ် ရှုခင်းအလှပြုပြင်ဆောင်ရွက်ခြင်း၊ မြက်ခင်းများ စိုက်ပျိုးခြင်း၊ Water Plaza နှင့် Water Fountain တည်ဆောက်မှု၊ ဥယျာဉ်အတွင်း သစ်ပင်ကြီးများ စိုက်ပျိုးမှု၊ ထိန်းသိမ်းမှုအခြေအနေများနှင့် တိရစ္ဆာန်နှင့်ပန်းဥယျာဉ် (ရန်ကုန်) အဆင့်မြင့်တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ကန်တော်ကြီး ဥယျာဉ်အတွင်း Education Zone၌ ရေနုတ်မြောင်းများတူးဖော်ပြီးစီးမှု၊ ရေစစ်ကန်၊ သံပန်းခြံစည်းရိုး၊ မြေတားနံရံ၊ အရောင်းဆိုင်များစိုက်ပျိုးရေးပြတိုက်နှင့် အဝင်မုခ်ဦးတည်ဆောက်မှု၊ ရေကူးကန်ပြုပြင်မှု၊ ပျိုးခင်းဈေးပွဲတော်ကို စုံလင်စွာ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရေပေါ်စိုက်ခင်း၊ ပြည်တွင်းပြည်ပ သစ်ခွပန်းမျိုးစုံစိုက်ခင်း၊ ပရဆေးဥယျာဉ်စိုက်ခင်း၊ သစ်သီးဝလံစိုက်ခင်းများ ထူထောင်စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဦးစန်းကြူက ကန်တော်ကြီးဥယျာဉ် ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများနှင့် အရည်အသွေးစစ်ဆေးထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zoneအတွင်း အဆင့်မြင့် တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ Wood Land Co., Ltd. မှ ဦးဝင်းအောင်က ကန်တော်ကြီးဥယျာဉ်အတွင်း လက်ရှိ ငါးပြတိုက်ဟောင်း ပြုပြင်မွမ်းမံမှုနှင့် Cable Car တပ်ဆင်ရန် ဆောင်ရွက်မှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော်ကြီး၏ အချက်အချာနေရာတွင် သဘာဝအလျောက် တည်ရှိပြီးဖြစ်သည့် ကန်တော်ကြီးဥယျာဉ်ကို မူလရှိပြီး သဘာဝအလှအပများ မပျက်ယွင်းစေဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ မြို့တော်၏ အင်္ဂါရပ်များ ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မြို့တော်နေပြည်သူများ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော် လည်းကောင်း၊ မိသားစုအလိုက်သော် လည်းကောင်း စိတ်လက်အေးချမ်းစွာဖြင့် လာရောက်အပန်းဖြေနိုင်သည့် အပန်းဖြေစခန်းကြီးတစ်ခုအဖြစ် အဆင့်မြင့် မွမ်းမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် လာရောက် အပန်းဖြေအနားယူကြသူများအတွက် အပန်းဖြေရင်း လေ့လာစရာ ပညာပေးစခန်းတစ်ခုဖြစ်စေရန် ကိုလည်း ရည်ရွယ်တည်ဆောက်ပေးနေခြင်း ဖြစ်သဖြင့် မိမိတို့ ယခုဆောင်ရွက်နေသည့် စီမံကိန်းကြီးမှာ ဘက်စုံစီမံကိန်းလုပ်ငန်းကြီး တစ်ခုဖြစ်ကြောင်း။

ဆက်လက်ထိန်းသိမ်း

ကန်တော်ကြီး ဥယျာဉ်ကြီးမှာ မိမိတို့အတွက် တန်ဖိုးကြီးမားလှသည့် သဘာဝ အခြေခံကောင်းကြီးတစ်ခုဖြစ်သည်နှင့်အညီ တည်ရှိပြီး သဘာဝအခြေခံများအပေါ် အခြေခံပြီး မိမိတို့ရရှိထားသည့် နိုင်ငံတကာအတွေ့အကြုံများနှင့် အတတ်ပညာများကို ပေါင်းစပ်ပြီး ပိုမိုတန်ဖိုးမြင့်မားအောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ကန်တော်ကြီးဥယျာဉ် ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများကိုလည်း ရေရှည်တည်တံ့မှုရှိအောင် ဆက်လက်ထိန်းသိမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်မှု လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုက်လံပြသရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ကန်တော်ကြီး ဥယျာဉ် Recreation Zoneအတွင်း အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က တိရစ္ဆာန်နှင့်ပန်းဥယျာဉ် (ရန်ကုန်)အတွင်း အပန်းဖြေ လေ့လာသူများ ဝင်ရောက် ကြည့်ရှုလေ့လာမှု အခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ် အခြေအနေ၊ ဥယျာဉ် အဆင့်မြင့်တင်သည့် လုပ်ငန်းများဖြစ်သည့် မြေယာပြုပြင်မှု၊ ပန်းမန်နှင့် အရိပ်ရသစ်ပင်ကြီးများ စိုက်ပျိုးမှု၊ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်မြို့တော်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်နှင့် ပန်းဥယျာဉ်စသည့် မြို့တော်နေပြည်သူများ၊ အပန်းဖြေ အနားယူကြသော နေရာများကို အဆင့်မြင့် မွမ်းမံမှုများ ဆောင်ရွက်ပေးခဲ့သဖြင့် အဆိုပါနေရာများတွင် လာရောက် အပန်းဖြေ အနားယူကြသူများ တစ်နေ့တခြား စည်ကားများပြားနေသည်ကို တွေ့ရကြောင်း၊ အဆင့်မြင့်တင် ဆောင်ရွက်ထားရှိမှုများ ရေရှည်တည်တံ့၍ ပျက်ယွင်းမှုမရှိစေရန် ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်)အတွင်း အဆင့်မြင့်တင် မွမ်းမံမှုများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီး ဥယျာဉ် Relaxation Zone ရှိ အဆင့်မြင့် တည်ဆောက်မှုများ၊ Education Zoneရှိ အဆင့်မြင့် တည်ဆောက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဇုန်အလိုက် တာဝန်ရှိ ပုဂ္ဂိုလ်များက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်းလွဲ ၁၂ နာရီ၄၅မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်စင်တာသို့ ရောက်ရှိရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အားကစားမောင်မယ်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သိမ်ဖြူ တင်းနစ်စင်တာ၌ တည်ဆောက်ထားသော တင်းနစ်ကွင်းများ၊ အားကစားသမားများ တည်းခိုဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မဟာပါသာဏလိုဏ်ဂူတော်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်သို့ ရောက်ရှိရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူ အကြီးစားပြုပြင်မွမ်းမံနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုအပ်သည်များကို မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ **မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။**

---

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲ

နေ့ရက် - ၃-၁-၂၀၀၄ မှ ၁၁-၁-၂၀၀၄

အချိန် - နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ပါသည်။



အကြီးစားပြုပြင်မွမ်းမံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော် အကြီးစား ပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထက(၁) ပုဇွန်တောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ဒသမအကြိမ်မြောက် အထက(၁) ပုဇွန်တောင် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းတည့် ၁၂နာရီတွင် အထက(၁) ပုဇွန်တောင် ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ပူဇော်ခံကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများသည် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပြီး ကျောင်းနေဖက် သူငယ်ချင်းများနှင့် တွေ့ဆုံနိုင်အောင် တက်ရောက်ကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ဒုတိယနှစ်(ဝါဏိဇ္ဇဗေဒ)
(ခ) တတိယနှစ်(မြန်မာစာ)
၅း၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅ ၁၇။ မြန်မာ့လက်သီး
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ညီအစ်မလေးဖော် (အပိုင်း-၁၃)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး (အပိုင်း-၁၅)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် သားငါးထုတ်လုပ်မှုကဏ္ဍ

ငါး၊ ပုစွန် မွေးမြူရေးကန် တိုးတက်မှု (ဧက)

အကြောင်းအရာ	၁၉၉၁	၂၀၀၃	တိုးတက်မှု
ငါးမွေးကန်	၃၈၀၀၀	၁၂၄၁၁၂	၈၆၁၁၂
ပုစွန်မွေးကန်	၄၅၂၃	၁၉၉၉၆၁	၁၉၅၄၃၈

အသားထုတ်လုပ်မှု–တန်ချိန်ထောင်ပေါင်း

အကြောင်းအရာ	၁၉၈၈	၂၀၀၃	တိုးတက်မှု
ကြက်သား	၈၅	၂၇၆	၁၉၁
ဝက်သား	၅၄	၁၆၅	၁၁၁
အမဲသား	၃၈	၈၀	၄၂

ရေချို ရေငန် ငါး၊ ပုစွန် ထုတ်လုပ်မှု–မက်ထရစ်တန်ထောင်ပေါင်း

အကြောင်းအရာ	၁၉၈၈	၂၀၀၃	တိုးတက်မှု
ရေချို ငါး၊ ပုစွန်	၁၂၀	၅၃၂	၄၁၂
ရေငန် ငါး၊ ပုစွန်	၅၆၁	၁၀၄၇	၄၈၆

ရေလုပ်ငန်းစက်ရုံတိုးတက်မှု	၁၉၈၈	၂၀၀၃	တိုးတက်မှု
	၂၀	၃၇၇	၃၅၇

ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု (နိုင်ငံခြားငွေ)	၁၉၈၈	၂၀၀၃	တိုးတက်မှု
	၁၀.၂၁ သန်း	၃၁၇.၃၈ သန်း	၃၀၇.၁၇ သန်း

ပြည်နယ်နှင့်တိုင်းအလိုက် အအေးခန်းပါစက်ရုံနှင့် ရေခဲစက်စာရင်း ပုဂ္ဂလိက+နိုင်ငံပိုင်

စဉ်	ပြည်နယ်/တိုင်း	အမျိုးအမည်	အရေအတွက်		
			ပုဂ္ဂလိက	နိုင်ငံပိုင်	စုစုပေါင်း
၁။	ရန်ကုန်တိုင်း	အအေးခန်းပါစက်ရုံ	၇၀	၃	၇၃
		ရေခဲစက်	၇၃	၁	၇၄
၂။	တနင်္သာရီတိုင်း	အအေးခန်းပါစက်ရုံ	၁၂	၂	၁၄
		ရေခဲစက်	၂၆	၁	၂၇
၃။	ရခိုင်ပြည်နယ်	အအေးခန်းပါစက်ရုံ	၁၅	၃	၁၈
		ရေခဲစက်	၄၂	၁	၄၃
၄။	ဧရာဝတီတိုင်း	အအေးခန်းပါစက်ရုံ	၇	–	၇
		ရေခဲစက်	၇၀	–	၇၀
၅။	မွန်ပြည်နယ်	အအေးခန်းပါစက်ရုံ	၆	–	၆
		ရေခဲစက်	၃၃	၁	၃၄
၆။	မန္တလေးတိုင်း	အအေးခန်းပါစက်ရုံ	–	၁	၁
		ရေခဲစက်	၇	–	၇
၇။	ရှမ်းပြည်နယ်	အအေးခန်းပါစက်ရုံ	၁	–	၁
		ရေခဲစက်	၂	–	၂
		စုစုပေါင်း	၃၆၄	၁၃	၃၇၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် သားငါး မျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊ ပုစွန်မွေးမြူရေးလုပ်ငန်း တိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ မွေးမြူရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဖော်ချဆောင်ရွက်ရန်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ သားငါးကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၌ သားငါးစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားငွေ တိုးတက်ရှာဖွေရေးအတွက် စီမံကိန်းရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေသည်။

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

ပုစွန်များကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ခေတ်မီ အအေးခန်းစက်ရုံတွင် ပြင်ဆင်ထုပ်ပိုးစဉ်။ (ယာပုံ) နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ယုဇန ခေတ်မီအအေးခန်းပါစက်ရုံ အဆောက်အအုံကို တွေ့ရစဉ်။ (အောက်ပုံ)

မုံရွာ–ယာကြီး–ကလေးဝလမ်းသစ်ပေါ်ရှိ ပုထိုးလုံးတံတားဖွင့်ပွဲအခမ်းအနား ကျင်းပ စစ်ထောက်ချုပ်ရုံး၏ကြီးကြပ်မှုဖြင့် တပ်မတော်အင်ဂျင်နီယာများက အချိန်တိုအတွင်း တည်ဆောက်ခဲ့ နိုင်ငံပိုင် ခေတ်မီသံမဏိစက်ရုံက တီထွင်ထုတ်လုပ်သည့် အရည်အသွေးမီ သံပေါင်များ သုံးစွဲထား

ရန်ကုန် ဇန်နဝါရီ ၄

(၅၆)မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သော စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်းသစ် မိုင်တိုင်အမှတ် (၅၇)ရှိ ပုထိုးလုံးတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၇နာရီတွင် အဆိုပါ ပုထိုးလုံးတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့ တက်ရောက်ချီးမြှင့်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြား၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပုထိုးလုံးတံတား မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင် မြင့်ဦး ပုထိုးလုံး တံတား ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအက အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀၀ ခန့် တက်ရောက်ကြသည်။

ကဏ္ဍာစုံဖွံ့ဖြိုးရေး

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ မည်သည့်ဒေသမှ ကွင်းကျန်မှုမရှိရေး၊ ပြည်နယ်၊ တိုင်းအားလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ကဏ္ဍာစုံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအသီးသီးတွင် ဆူကြွနိမ့်မြင့် ကွာဟမှုနည်းပြီး မျှမျှတတ ဖွံ့ဖြိုးလာစေရေးတို့အတွက် စီမံကိန်းများချမှတ်ဖော်ဆောင်ခဲ့ကြောင်း။

အလားတူနိုင်ငံတော်အတွင်းအများစုနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် ချမှတ်ပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူ ပူးပေါင်း ဖော်ဆောင်လျက်ရှိကြောင်း။

စေတနာပေါ်လွင်

ယနေ့ ဖွင့်ပွဲပြုလုပ်သည့် ပုထိုးလုံးတံတားအပေါ် နိုင်ငံတော်အကြီးအကဲ၏ အလေးထားမှု၊ တန်ဖိုးထားမှု၊ ဒေသအတွက် နိုင်ငံတော်အစိုးရ၏ စေတနာထားမှုတို့သည်လည်း တစ်ချိန်တည်း၌ ထင်ရှားပေါ်လွင်နေပါကြောင်း ထုတ်ဖော်ပြောကြားလိုကြောင်း။

စစ်ကိုင်းတိုင်းအတွင်းတွင် ချင်းတွင်းမြစ်သည် ရှည်လျားစွာ စီးဆင်းပြီး အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ဒေသများကို နီးလျက်နှင့် ဝေးသကဲ့သို့ သဘာဝအရ ပိုင်းခြားထားသလို ဖြစ်သည့်အတွက် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း အပြန်အလှန် ဆက်သွယ်သွားလာရေးသည် သွက်လက်မြန်ဆန်မှု၊ လွယ်ကူမှုမရှိဖြစ်နေခဲ့ရကြောင်း၊ အထူးသဖြင့် အနောက်ဘက်ကမ်းရှိ နယ်မြေများသည် သွားလာမှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်ရစ်ရသည့် ခေတ်အဆက်ဆက်၏ သမိုင်းကြောင်းရှိခဲ့ကြောင်း။

မုံရွာမြို့မှ ကလေးဝ၊ ကလေးမြို့ကို သွားရမည်ဆိုလျှင် မိုင် ၁၆၀ ခန့်ရှိသည့် မုံရွာ – ရေဦး – တန့်ဆည် – သက္ကယ်ကျင်း–ကလေးဝလမ်းအတိုင်း မဟာမြိုင်တောကြီးကို ဖြတ်သန်းသွားရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မိုးတွင်းကာလတွင် ခက်ခက်ခဲခဲ သတိထားသွားနေရသည့် လမ်းဖြစ်ကြောင်း။

လမ်းကြောင်းသစ်ဖောက်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဒေသ ဖွံ့ဖြိုးရေး၊ ချင်းပြည်နယ် (မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သည့် ကလေးဒေသနှင့် ဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်ရေးအတွက် ဦးတည်ရည်မှန်းပြီး မုံရွာ–ယာကြီး–ကလေးဝ မဟာဗျူဟာ လမ်းကြောင်းသစ်ကို ဖောက်လုပ်စေခဲ့ကြောင်း။

ယင်းကားလမ်းသစ်သည် ၁၁၅ မိုင်ခန့် ရှိသည့်အတွက် ရေဦးနှင့် သက္ကယ်ကျင်းကနေ ပတ်သွားရသည့် လမ်းထက် ၄၅မိုင်ခန့် သက်သာတိုတောင်းသွားသည့်အပြင် မုံရွာမှ ကလေးဝ–ကလေး–တမူးကိုဖြစ်စေ၊ ကလေး–ဟားခါး၊ ကလေး–တီးတိန်ကိုဖြစ်စေ သွက်လက်မြန်ဆန်စွာ အချိန်တိုတိုဖြင့် သွားလာနိုင်တော့မှာဖြစ်ကြောင်း။

တံတားကြီးငယ်များ

မုံရွာ–ယာကြီး–ကလေးဝ လမ်းကြောင်းသစ်တွင် တံတား အကြီးအငယ် ၁၇၄ စင်းရှိပြီး သစ်သားတံတား ၁၅၃ စင်း ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ တောင်ကျချောင်းရေ အစီးကြမ်းသည့် ချောင်းများ၌ သစ်သားတံတားဖြင့် မလုံလောက်သည့်အတွက် သံပေါင်ရက်မတံတား ရှစ်စင်း၊ ကွန်ကရစ်တံတား ၁၃စင်း စုစုပေါင်း ၂၁စင်းကို ဤနှစ်ထဲတွင် အခိုင်အမာ တည်ဆောက်ခဲ့ကြောင်း၊ ယင်းတံတားများတွင် ယနေ့ ဖွင့်လှစ်သည့် တံတားအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး လေးစင်းပါဝင်ကြောင်း။

ယခုဖွင့်ပွဲကျင်းပသည့် ပုထိုးလုံးတံတားသည် ပေအရှည် ၄၅၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိကြောင်း၊ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည် ကိုးပေအချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း၊ တံတားအောက်ခြေ ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၈၀ နှင့် အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်မှ အထက်သို့ ၁၀ ပေ ရှိကြောင်း။

လမ်းမသစ်ကြီးသည် ချင်းပြည်နယ်အတွက်ရော လမ်းမကြီးတစ်လျှောက် တည်ရှိနေသည့် ကနီမြို့၊ မင်းကင်းမြို့နှင့် ကျေးရွာများအတွက်ပါ များစွာအထောက်အကူပြု အသုံးဝင်သွားမည့် လမ်းမကြီးအဖြစ် သားစဉ်မြေးဆက်အထိ အကျိုးပြုသွားနိုင်မှာဖြစ်ကြောင်း။

တီထွင်ထုတ်လုပ်

ယခုပုထိုးလုံးတံတားကို စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် တပ်မတော်အင်ဂျင်နီယာများက တစ်နှစ်အတွင်း အချိန်တိုကာလဖြင့် နေ့မအား ညမနား ကြိုးစား တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထူးထူးခြားခြား မှတ်တမ်းတင်ရမည်မှာ နိုင်ငံခြားဖြစ် သံပေါင်များအစား နိုင်ငံပိုင် ခေတ်မီသံမဏိစက်ရုံက တီထွင် ထုတ်လုပ်သည့် ပြည်တွင်းဖြစ် အရည်အသွေးမီ သံပေါင်များကို သုံးစွဲထားခြင်းပင်ဖြစ်ကြောင်း။

တံတားသံပေါင်များကို ပြည်တွင်းတွင် ထုတ်လုပ်သုံးစွဲနိုင်အောင် ကြိုးပမ်းကြရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ခန်းဖွင့်ကျယ် တံတားသံပေါင်များကို မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များက ညှိနှိုင်းပေါင်းစပ် ဒီဇိုင်းဆွဲပြီး အောင်အောင်မြင်မြင် ထုတ်လုပ်ကာ သုံးစွဲနိုင်ခြင်းသည် မိမိတို့တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားရမည့် နည်းပညာအောင်ပွဲဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားလိုကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ပုထိုးလုံးတံတားသည် ဤလမ်းတွင် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ် ဒေသများအတွက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုမှာ ဖြစ်သကဲ့သို့ အိမ်နီးချင်း တစ်ဖက်နိုင်ငံနှင့် ဆက်နွယ်သည့် နယ်စပ်ကုန်သွယ်ရေးကိုလည်း ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားပြီး ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက တံတားတည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံ ပြည်သူကိုယ်စားလှယ်တစ်ဦးက ပုထိုးလုံးတံတား တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက ပုထိုးလုံးတံတားနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းတို့က မင်္ဂလာအချိန်တွင် ပုထိုးလုံးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပုထိုးလုံးတံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် အဖွဲ့ဝင်များသည် ပုထိုးလုံးတံတားကို ဖြတ်သန်းကြည့်ရှု၍ တံတားတစ်ဖက်ထိပ်ရှိ မုခ်ဦးတွင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူစုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပုထိုးလုံးတံတားကို ကာကွယ်ရေး ဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ၍ တစ်နှစ်ဖြင့် အပြီးတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ ကြေညာချက်

၁။ စိုက်ပျိုးမြေ(၅)ဧကေ၊ တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကို ဂဝံခင်းလမ်း၊ လျှပ်စစ်မီးနှင့်ရေပြွန်ပေါက် ပြုလုပ်ရန် တစ်ယူနစ်လျှင် ၆၇၀၀၀ဝိ/-ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ကြက်/ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အားခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ၊ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်ဒလွန်၊ကြောင်လျှာ၊သံပရာ၊ရှောက်၊ ကျွဲကော၊လိမ္မော်၊ ကွမ်းသီး၊အုန်း၊ငှက်ပျော၊ သဘော်စသည့်အပင်လတ်အုပ်စုများကိုသာစိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့် ကာလပတ်လုံးရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။(၅၀ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်/ငါးများကို ပြည်တွင်း၊ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် (၅)နှစ်စိုက်ပျိုးပြီးလုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု(မပြု)။

၉။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင်အနည်းဆုံး(၁)ယူနစ်(၅)ဧကမှ အများဆုံး(၂)ယူနစ်(၁၀)ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်း(၃)နှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ဧက၊ ကြက်မွေးမြူရေးလုပ်ငန်း ၁၉၈၃ဧက၊ ငါးမွေးမြူရေးလုပ်ငန်း၇၈၃ဧက၊ စက်မှုလုပ်ငန်း၁၅၅ ဧက၊ စုစုပေါင်း၁၀၅၉၂ဧကခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ (၆)သိန်းကျော်၊ ဥစားကြက်ကောင်ရေ (၁)သိန်းကျော် စုစုပေါင်းကြက်ကောင်ရေ (၇)သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်ပြည်လမ်းဘက်မှ ဇုန်အဝင်ကတ္တရာလမ်း(၅)မိုင်၊ရန်ကုန်-ပဲခူးလမ်း ဘက်မှ ဇုန်အဝင် ကွန်ကရစ်လမ်းမကြီး (၄)မိုင်၊ ဇုန်အတွင်းမြေသားဂဝံလမ်း၁၀၈မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗွီအေ ဓာတ်အားလိုင်း ၂၈မိုင်၊၄၀၀ဗို့လိုင်း ၅၄မိုင်သွယ်တန်းပေးထားပြီး ၂၄နာရီ ဓာတ်အားသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့်အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင်၁၀၀ဦးသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ထပ်မံ၍ လိုင်း ၅၀၀ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့်သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံတစ်ခု ဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက်မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင် ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်း မြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့်ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားပြီး ဇုန်အတွင်းစိုက်ပျိုးရေး လုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့်ရဲကင်းစခန်း(၃)ခု ဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း၊ (၁)ခုနှင့်ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ ဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း-၃၇၀၅၀၈ တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁) တာဝန်ခံ ဖုန်း-၆၆၄၀၉၃ တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း-၆၄၂၂၂၇ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန အမှတ်(၄၈၆) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၀၂၇၃

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။ ဖုန်း-၆၀၁၁၀၀ EX-၁၄၄

၂၂။ (၅၀%) ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀)ယူနစ် (၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီး ဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများအတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော လုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

7 Day News
ဂျာနယ် အထူးထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၄

အဖြူရောင် သစ်ခွတစ်မျိုး နတ်မတောင်တွင်တွေ့ရှိ ရက္ခဗေဒအမည်ရရန် စင်ကာပူရက္ခဗေဒဥယျာဉ်သို့ ပေးပို့၊ တာချီလိတ်နှင့် မယ်ဆိုင်ပေါင်းကူးပေးမည့် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) ၂၀၀၄ မတ်လအပြီး တည်ဆောက်မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။ **(အပေါ်ပုံ)** e-Empire Media House၊ ဖုန်း-၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

မဟာသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၄

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈)ကို ထုတ်ဝေဖြန့်ချိ လိုက်ပြီဖြစ်ရာ ယခုအပတ်ဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ (၅၁)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မောင်ဆွေသက်၊ အောင်ဝိုင်း၊ ဆူဒိုနင်၊ ချစ်စံဝင်းတို့၏ ဆောင်းပါးများအပြင် ၂၀၀၂ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ သတင်းမြင်ကွင်း၊ ကျောက်ဘီလူးတင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းများနှင့်အတူ မြတ်ခိုင်၏ အမှာနှစ်ထောင်၊ အင်္ဂါစကားဝိုင်းတို့ ပါဝင်ကြောင်းသိရသည်။ **(အပေါ်ဝဲပုံ)**

(က-ပ)

ဇန်နဝါရီ ၂ရက်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွက်အလှူရှင်ဒေါက်တာသိန်းထွန်း(ညွှန်ကြားရေးမှူးချုပ်) လျှပ်စစ်စွမ်းအားဦးစီးဌာန၊ ဒေါက်တာဒေါ်သန်းတိုး(ပါမောက္ခ၊ဌာနမှူး) စာရင်းအင်းပညာဌာန ရန်ကုန်တက္ကသိုလ်မိသားစုက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ Abhidhamma in Daily Life **စာအုပ်၆၀၀ကို ဦးရဲဌွေး ဌာနမှူး (စီမံဘဏ္ဍာ) အား ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း(၇)မိုင်ခွဲ၊ အမှတ်(၅၆/J) နေ ဦးဖေသန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါ်ချိုချိုထွန်း တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာသန်းမိုးနိုင် (M.B.,B .S (Ygn) နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာ၊ ငွေဝတ်မှုံရပ်ကွက်၊ အမှတ်(၇၀/H) နေ ဗိုလ်ချုပ်တင်စိန်(ငြိမ်း)-ဒေါ်မြမြစီတို့၏ သမီးထွေး

ဒေါက်တာအေးမြမြတင်စိန်(M.B.,B .S (Ygn)

(သရုပ်ပြ ဇီဝကမ္မဗေဒဌာန၊ သူနာပြုတက္ကသိုလ်)

တို့၏ ၃-၁-၂၀၀၄ရက်နေ့ Sedona Hotel ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ၌ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးပြုလုပ်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော် ဒေါ်တင်တင်မြနှင့် အေဝမ်းစိုးမြင့် မင်္ဂလာတူရိယာအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မေဘရဏီဟန်၊ မင်္ဂလာဗန်းကိုင်ပေးသော ယဉ်မူယာယုခင်၊ သတို့သားအရံများအဖြစ် မေတ္တာဖြင့် ကူညီပေးကြသော ကိုထင်လင်းနှင့် ဒေါက်တာမြင့်မြတ်၊သတို့သမီးအရံများအဖြစ် မေတ္တာဖြင့်ကူညီပေးကြသော ဒေါက်တာတိုးသီရိအောင်နှင့်ဆွေယုခင်၊ မိတ်ကပ်ဖြင့်အလှဆင်ပေးသော မိတ်ကပ်စိုးစိုး၊ ပန်းအလှဆင်ပေးသော မလေးရှားသန်းမြင့်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မမဥ္ဇူ(အင်းယား)၊ ရတနာအလှဆင်ပေးသော စိမ်းမြသန္တာ၊ ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသောမြန်မာ့မီးရထားနှင့် ဦးစန်းအောင်(ရွှေပင်လယ်)၊ ဓာတ်ပုံ တက္ကသိုလ်အေးမြင့်နှင့် မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဒေါက်တာသန်းမိုးနိုင်-ဒေါက်တာအေးမြမြတင်စိန်။



ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၂-ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊မိန်းမ" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ဆွတ်ခူးရရှိသွားသော **ခင်ဇာခြည်ကျော်**နှင့် "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ"ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိသော ထပ်ဆင့်အကယ်ဒမီ **မေသန်းနု** တို့အား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

သိင်္ဂီရွှေဝါ-ပိုးထည်မိသားစု
အမရပူရမြို့နှင့် ရန်ကုန်မြို့။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၏ ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီခွဲက အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌွေးဝင်း၏ ဇနီး ဒေါ်မာမာဝေ၊ တပ်မဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၏ ဇနီးများ၊ လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တပ်မဌာနချုပ်လက်အောက်ခံ တပ်ရင်း/တပ်ဖွဲ့များမှ တပ်ရင်း/တပ်ဖွဲ့မှူးများ၏ ဇနီးများ၊ ပြိုင်ပွဲဝင်ကလေးများနှင့် မိခင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆုရရှိသူကလေးငယ်များအား တပ်မမှူး၏ ဇနီး ဒေါ်မာမာဝေက ဆုများပေးအပ်ချီးမြှင့်ပြီးနောက် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄
ကျိုင်းတုံမြို့နှင့်တာချီလိတ်မြို့တို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်က ချမှတ်ထားသော **စီးပွားကူးသန်း ရှေ့သို့လှမ်း**ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးအခန်းကဏ္ဍ ရပ်များရှေ့သို့ တက်လှမ်းနိုင်စေရန်၊ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်းအရည် အသွေးမြင့်မားစေရန်၊ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)၏ ခွင့်ပြုလမ်းညွှန်မှု၊ သက်ဆိုင်ရာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် "မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄"ကို ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်ထိလည်းကောင်း၊ တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်ထိလည်းကောင်း၊ Media Essential မှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ "မြန်မာ့ထုတ်ကုန်ကုန်စည်ပြပွဲ–၂၀၀၄" တွင် အဆင့်မြင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြေညာသရုပ်ပြတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်း၊ပြည်ပကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်စည်းသယ်ယူပို့ဆောင်ရေးကို စနစ်တကျစီစဉ်ပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Media Essential ဖုန်း–၀၁–၅၉၃၁၉၉ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ (က–ပ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးမြင့်ဝင်းသည် ကစားဖော်များဖြစ်ကြသော ဦးသန်းထွန်းအောင်၊ ဦးသန်းဌေး၊ ဦးမြင့်စိုးတို့နှင့် အတူ ဒီဇင်ဘာ ၂၇ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ကစားစဉ် E.V(03) ဘောလုံးကို Callaway (96) Wood 3 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၈ကိုက်ရှိ အမှတ်(၅)ကျင်း၌ တစ်ချက်တည်းဖြင့် ကျင်းဝင်သည်။ (သတင်းစဉ်)

တက်ရောက်

ဇန်နဝါရီ ၂ ရက်က ၂၀၀၄ ခုနှစ် (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းမတော်လမ်း အရှေ့ပိုင်းနှင့် ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်အားပေးစဉ်။

(နယ်စပ်စည်ပင်)

အိမ်အလှဆင် ဒီဇိုင်းအသစ်များစတင်ထုတ်လုပ်ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၄

အိမ်အလှဆင် စန်းယိုပလာစတာ ကောနစ်ဒီဇိုင်းအသစ်များ စတင်ထုတ်လုပ် ရောင်းချခြင်းကို Three Friends Co.,Ltd ရုံးချုပ်၌ ကျင်းပသည်။ စန်းယို ပလာစတာကောနစ် များကို ပြည်ပမှ တင်သွင်းလာသော ပစ္စည်းများဖြင့် အရည်အသွေး မြင့်မားစွာ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ပလာစတာကောနစ်များအပြင် ပလာစတာမှုန့်၊ မိုနှင့်ဆက်စပ်ပစ္စည်းများ မျက်နှာကြက် အလှဆင်ပစ္စည်းများ စုံလင်စွာ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ကုမ္ပဏီမှဝယ်ယူသော ပစ္စည်းများကို အထူးနှုန်းဖြင့်အိမ်အလှဆင်ပေးခြင်းကိုလည်း ပြုလုပ်ပေးနေ၏။ စိတ်ပါ ဝင်စားသူများသည် Three Friends Co.,Ltd အမှတ်–၄၄ A (၁) ကျီတော် အိမ်ရာ (ရန်ကုန်ကုန်သွယ်မှုဇာတိုဌာနအနောက်) မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်၊ ဖုန်း–၀၁–၂၀၁၁၂၁၊ ၂၉၄၈၆၄နှင့် ၀၉၈၀–၃၄၄၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပဲခူးနန္ဒဝန် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ တရားစခန်း စာရင်းပေးသွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးမြို့ စိန်ထွန်းရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ–၂၀၅ နန္ဒဝန်ဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာပဓာန နာယက၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယမထေရ်မြတ်က ပြာသိုလဆန်း ၁၅ ရက်မှ လပြည့်ကျော် ၆ ရက် (ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်ထိ) ခုနစ်ရက်တရားစခန်းကို ခန္ဓာဉာဏ်ရောက် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဇန်နဝါရီလ ၅ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အကျိုးဆောင်အဖွဲ့ ဖုန်း–၂၃၈၂၂ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းပြီး လိုရာဆန္ဒများပြည့်ဝစေသဖြင့်
ယနေ့တစ်နိုင်ငံလုံး ရှုတ်ဖတ်ပူဇော်နေကြသော
ဥပ္ပါတသန္တိနှင့် ရတနာရွှေထီး နှစ်စောင်တွဲစာအုပ်ရပါပြီ (တန်ဖိုး ၅၀၀ိ/–)
ရုံးသုံး၊ ကျောင်းသုံး၊ လူကြိုက်အများ ဆုံး
ပညာအလင်းပြန့်တစ်ရာပြက္ခဒိန် ရပါပြီ
၂၀၀၄ခုနှစ်ပါ အိတ်ဆောင် ၅၀ိ/–၊ ဆိုဒ်ကြီး ၁၀၀ိ/–
ပညာအလင်းပြ၊ ဗိုလ်ချုပ်လမ်းနှင့်လေးဆယ့်ရှစ်လမ်းထိပ်၊ရန်ကုန်မြို့။
နယ်မှ V.P မှာရန်–တင်တင်အေးဗိဒ္ဓကတ်စာပေ၊
၁၄–တောင်ဖက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊ ဒဂုံစာတိုက်၊
ရန်ကုန်မြို့၊ မန္တလေး ထွန်းဦးစာပေ၊ နဂါးစာပေ။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မြောင်းမြမြို့နေ ဦးစိုးမောင် (လ/ထ မြို့နယ်ပညာရေးမှူး)–ဒေါ်ခင်လှဝင်း (အထပြ)တို့၏သားကြီး

ဗိုလ်ဝေလင်းမောင် B.Sc, D.S.A

နှင့်

မော်လမြိုင်မြို့နေ ဒုတိယဗိုလ်မှူးကြီးအောင်ထူး–ဒေါ်တင်ဝင်းဖြိုး တို့၏သမီးကြီး

မမေဇင်ထူး (Dip in Education)
(Final Year, Eco)

တို့၏ ၁၄–၁၂–၂၀၀၃ရက်တွင် မော်လမြိုင်မြို့ "ငွေမိုးဟိုတယ်"၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မေဇွန်ထူး၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မေစုစုဟန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒုတိယဗိုလ် လှဲ့ယဉ်ဝင်းတို့အားလည်းကောင်း၊ ၁၂–၁၂–၂၀၀၃ရက်နေ့ မော်လမြိုင်မြို့မင်္ဂလာနေအိမ်တွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ပြည်နယ်တရားသူကြီး ဦးကျော်ညွန့်နှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော တပ်ရင်းမိသားစုများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက် မှပိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းများအားလည်းကောင်း၊ ငွေမိုးဟိုတယ်မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ဝေလင်းမောင်–မမေဇင်ထူး။**





ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Manager (Administration/Sales & Marketing)	ကျား/မ	(၃) ဦး
2. Supervisor(Sales & Marketing)	ကျား/မ	(၂) ဦး
3.Accountant	ကျား/မ	(၃) ဦး
4. Office Secretary	မ	(၂) ဦး
5. Public Relation Officer	ကျား/မ	(၁) ဦး
6. Sales & Marketing Staff	ကျား/မ	(၅) ဦး
7. Driver	ကျား	(၃) ဦး

အမှတ်စဉ်(၁)၊ (၂)၊ (၄)နှင့်(၅)အတွက် ဘွဲ့ရဖြစ်ရမည်။
အမှတ်စဉ်(၃)အတွက် B.,Com/LCCI Level III ဖြစ်ရမည်။
အမှတ်စဉ်(၆)နှင့်(၇)အတွက် မိမိထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်အား ရိုးသားတက်ကြွစွာထမ်းဆောင်နိုင်သူဖြစ်ရမည်။
အမှတ်စဉ်အားလုံးအတွက် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊ ဓာတ်ပုံ(၃)ပုံ၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အခြားတင်ပြလိုသော စာရွက်စာတမ်းများနှင့်အတူ Greenline Myanmar Group Co.,Ltd. အမှတ်(၂၀၂)၊ ဦးဝိစာရလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်း မြို့နယ်သို့ လျှောက်ထားနိုင်ပါသည်။

မွေးနေ့ဆုတောင်း

သမီးလေး **လှဲ့ဝတ်ရည်ဦး**၏ ၅–၁–၂၀၀၄ရက်တွင် ကျရောက်သည့် မွေးနေ့မှာ ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဖေဖေ ဆုတောင်းလိုက်ပါတယ်။

ဖေဖေ–ဦးကြည်ဦး
(ခေတ္တ–Indiana)

မွေးနေ့ဆုတောင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ တံတိုင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး သဲတောမြို့ ရွှေဝါမိသားစုနှင့် မန္တလေးမြို့၊ မလွန်ငါးပိတန်း၊ ရွှေမန်းပွဲရုံ၏ဖခင်ကြီး **သုခမ္မမဏိဇောတရေ ဖေဖေကြီး ဦးတင်မောင်**၏ ၅–၁–၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ လူမှုရေး၊ ပညာရေးကိစ္စများ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီး: – ဒေါ်ခင်မေဦး B.A(Law)LL.B
သမီး: – ဒေါ်ခင်မေကြူ B.Sc(Botany)၊ အလယ်တန်းပြ(ငြိမ်း)သဲတောဝမ်းတွင်းအထက
သား: – ဦးအောင်သျှံ B.E(Civil)ရွှေမန်းပွဲရုံ–ဒေါ်နီနီဝင်း B.Com အိုးအိမ်ဦးစီးဌာန၊ မန္တလေး
သား: – ဦးအောင်စံ B.Sc(Physics)ရွှေတောင်တန်းပွဲရုံ–ဒေါ်မျိုးမျိုးအောင် B.A(Hons)(History)
သမီး: – ဦးစံညွန့် တက်နေလင်းပဲဆိုင်–ဒေါ်ခင်မကြည် B.Sc(Physics)
မြေး: – မအိမ့်အိမ့်သူ VII A အထက(၁၇)
မောင်ထက်အောင်ဝင့် IV A အထက(၁၇)
မခင်ဝင်းရွှေ(မူကြို)၊ မောင်နိုင်မင်းထက်
မဖြူစင်သန့် IV ခရေပင်ဝိုင်း
မောင်ဥက္ကာလင်းထက် I

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(EXPORT EARNING)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂၆)ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့်ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ် (၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ၂၆ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများအား ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူရန်အတွက် ချိပ်ပိတ်ဈေးနှုန်းလွှာများဖိတ်ခေါ်ထားရှိပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ရေမီတာ	၁၁၀၀၀လုံး
၂။	သတင်းစာစက္ကူ(News Print Paper)	10000 Reams
၃။	လမ်းသုတ်ဆေး	၁၁၀၀ ဂါလန်
၄။	စက်ဆီ၊ ချောဆီ	၁၁၀၀ ဂါလန်
၅။	ရေတွန်းစက်အရန်ပစ္စည်းများ	1 Lot
၆။	စက်ယန္တရားအပိုပစ္စည်းများ	1 Lot
၇။	လမ်းဆေးဆွဲမှုန့်(Thermoplastic Powder)	၅၀ တန်
၈။	Bleaching Powder	၂၅ တန်
၉။	တိရစ္ဆာန်အစားအစာနှင့်ဆေးဝါးများ	1 Lot
၁၀။	Water Proof Insulated Covered Winding Wire	၁၂၀၀၀ မီတာ
၁၁။	Mechanical Water Pump Gland Packing	24 Packets

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁၂–၁–၂၀၀၄ရက်နေ့ ၁၆:၀၀နာရီအချိန်တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသဖြင့် ပစ္စည်းပေးသွင်းရန် စိတ်ဝင်စားသည့်သူများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက တယ်လီဖုန်းအမှတ်–၂၈၂၅၃၄၊၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

မြန်မာကျပ်ငွေဖြင့်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
၁။	Tyre & Tube with Flap (14.00 x 24 x 20PR)	43 Set	၁၃–၁–၂၀၀၄

အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ ရောင်းဝယ်ရေးဌာန၊ အမှတ်(၁၉၂) ကမ္ဘာအေးစေတီလမ်း ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

(အသေးစိတ်သိရှိလိုပါကစုံစမ်းရန် တယ်လီဖုန်းအမှတ်–၅၆၆၂၉၅၊ ၅၆၆၂၉၂)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။



ဟိုက်ဒရောလစ်ပြုပြင်

စက်ယန္တရားကြီးများ၏ ဟိုက်ဒရောလစ် အစိတ်အပိုင်းများနှင့် အခြား ဟိုက်ဒရောလစ် စက်အမျိုးမျိုး ပြုပြင်သည်။

ဦးလှမြင့်
ဖုန်း–၆၉၈၄၄၅၊ ၆၉၈၅၇၅။

NEW MOTION TRAVELS CO., LTD.

Ph: 725 799, 537 024

Air-con Bus, Restaurant & Hotel
No.274, Pansodan St.(Upper Block). Ph:378547, 381327

OD Tour
Jan.16,23
Jan.30
OD Style
No.52

ရွှေအောင်ရထား
◆ ချောင်းသာ (Express:)
◆ (Jan 24)
Ph: 01-240570

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြေညာချက်

အများသိစေရန်ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၄၀)(ဘီ/၃)နေ ဒေါ်ခင်ကြည်[၁၂/လသန(နိုင်)၀၀၆၁၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း တရားရုံးတွဲဖက်တိုင်းတရားသူကြီး(၅)ရုံးတော်၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်–၆၈၃အမှုမှ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်သဘော်ကျင်းရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၇၄)ဟု ခေါ်တွင်သော အိမ်နှင့်မြေအား အမှုမပြီးစီးမီအတွင်း ရောင်းချ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်စေရေးအတွက် တရားရုံးတော်မှ ယာယီတားဝရမ်းထုတ်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

	(စင်ထရယ်)ဦးခင်မောင်မြင့်
(အိမ်)အမှတ်(၂၀)(၆ လွှာ)	**ဥပဒေတွဲ့နှင့်စီးပွားရေးဆိုင်ရာဥပဒေဒီပလိုမာတွဲ့ရ**
မြို့သစ်(၁)လမ်း၊	**တရားရုံးချုပ်ရှေ့နေ**
ကျောက်မြောင်း၊ တာမွေမြို့နယ်၊	**(ရုံး)အမှတ်–၇(စီ)၊ ၃၄လမ်း(အောက်)**
ရန်ကုန်မြို့။	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းရှိ သာမန်လုပ်ငန်း)

၁။ B.Ag (စိုက်ပျိုးရေးပညာတွဲ) ကျား/မ (၁၀)ဦး

၂။ Marketing Assistant ကျား/မ (၃)ဦး

Marketing ... Marketing ...

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၀၀၆

ဦးကျော်ငြိမ်း နှင့်	၁။ဦးတင့်ဆွေ
အခန်း(၃၂)၊ တိုက်အမှတ်–၆၊	၂။ဒေါ်ခိုင်ခိုင်ဝင်း
ပြည်ရိပ်မွန်အိမ်ရာ၊	၃။ဦးသန်းဝင်း
(ဝဂ္ဂီ)ကုက္ကိုရာမလမ်း၊	၄။ဒေါ်ခင်ခင်မြ
အမှတ်(၈)ရပ်ကွက်၊	ခြံအမှတ်(၃၆)၊ ယခင်ခြံအမှတ်
ကမာရွတ်မြို့နယ်၊	(၁၇)၊ ကုက္ကိုရာမလမ်း၊
ရန်ကုန်မြို့။	အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
	၅။ဒေါ်ထွေးထွေး
	ခြံအမှတ်(၆၀၇/၁၂)၊ ပြည်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
တရားလို	**တရားပြိုင်များ**

အထက်အမည်ပါ အမှတ်(၂)တရားပြိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက "သီးခြားသက်သာခွင့်ဥပဒေပုဒ်မ–၄၂"အရ မြွက်ဟကြေညာပေးစေလိုမှုနှင့် အိမ်ငှားအဖြစ်ဆက်လက် ဝင်ရောက်နေထိုင်လိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇန်နဝါရီလ (၂၃)ရက် (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ဝင်း

တွဲဖက်တိုင်းတရားသူကြီး–၉၊ ရန်ကုန်တိုင်းတရားရုံး။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းရှိ ထုတ်လုပ်ရေး ခန့်ထားရန်)

SUPREME GROUP OF COMPANIES ၏ Agro Chemicals & Fertilizer Production & Distribution, Water Engineering, Pumps &Valves DistributionSector များ

(a) Executive Advisor/Consultant (Construction, Energy & Power, Water Treatment, Public Relation, Mkt. & Law)

- B.E.(AGTI)(Mech)
- B.E.(Chem)(AGTI)(Mech)
- M.Com / B.Com Sales & Marketing
- Project Manager/Asst. Project Manager (Construction) — Project planning & dealing
- Engineer (Construction) — B.E/A.G.T.I. Project
- Computer / English
- B.E/AGTI(Mech)
- MBA & Mgt. / Master Dip. / Mkt.
- Senior Engineer — M.E/B.E/A.G.T.I.(Mech., E.C, Civil, Chem.)
- M.E/B.E(Environmental, Civil, Chem.), B.Sc(I.C)R&D
- B.E/AGTI(Mech.)
- B.Com / Sales & Mkt.
- (Adm & Fin)
- AGTI (Mech /E.C)
- Diploma/A.G.T.I. door to door Marketing
- B.Com /M.Com
- M.Sc/B.Sc(Chem)
- Wheel Loader / Fork Lift Operator
- AGTI (Mech.)
- Wheel Loader, Fork Lift
- Computer Operator/Receptionist
- Telephone PABX, English Computer Knowledge

နှစ်သစ်ကူးအထူးလျှော့ဈေး ၁၀%မှ ၂၀%ထိ
အရှေ့တိုင်း မျက်မှန်
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 280458
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဦးစိန်ဝင်း+ဒေါ်မြင့်မြင့်သန်း	၁၂/ဗတထ(နိုင်)၀၁၆၅၂၄	(၉၉၇)၊ မေတ္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ	တ/ဥက္ကလာပ	၉	၉၉၇	ဦးတင်ဝင်း + ၁	အမည်ပြောင်း
၂။	ဦးစိန်ဝင်း+ဒေါ်မြင့်မြင့်သန်း	၁၂/ဗတထ(နိုင်)၀၁၆၅၂၄	၁၃၅၊ (ဂ)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပလမ်း	တ/ဥက္ကလာပ	၃	၂၅၁(ခ)	ဦးစောလွင်	အမည်ပြောင်း
၃။	ဒေါ်ခင်မာဆွေ	၁၂/ဥကတ(နိုင်)၀၂၆၆၀၀	(၁၁၉၀)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ	တ/ဥက္ကလာ	၁၃	၁၁၉၀(က)	ဦးသိန်းဆွေ	အမည်ပြောင်း
၄။	ဒေါ်စီစီသန်း	၅/ကလထ(နိုင်)၀၁၁၉၆၆	၉၃၀၊ သုမန(၂)လမ်း၊ သဃ်္ဃန်းကျွန်း	သဃ်္ဃန်းကျွန်း	၁၆/၁	၉၃၀/က	ဦးနန္ဒဝင်းမြင့်	အမည်ပြောင်း
၅။	ဦးမြို့ခင်	၁၂/စခန(နိုင်)၀၁၅၃၇၂	၇၂၊ ကျွန်းတောလမ်း၊ စမ်းချောင်း	ဒဂုံမြောက်	၃၅	၅၄၁	ဦးသွန်းမြင့်	အမည်ပြောင်း
၆။	ဒေါ်စိန်စိ	၁၂/မကတ(နိုင်)၀၄၆၃၁၀	(၃၇၊၃၉)၊၉၄ လမ်း၊ ကန်/တောင်၊ မင်္ဂလာတောင်ညွန့်	မင်္ဂလာတောင်ညွန့်	၁၂ ကေ	၇၇	ဦးမြင့်သိန်း	အမည်ပြောင်း
၇။	ဒေါ်သင်းမြတ်မြတ်ဝင်း	၁၂/ဗဟန(နိုင်)၀၀ဂ၀၄၁	၆၀၊ဒီ အောင်တော်မူစေတီလမ်း၊ရွှေတောင်ကြား၊ ၂ရပ်ကွက်	ဗဟန်း	၃၆F	၁၀ဂE/၁-C	ဒေါ်လှလှမြင့်	အမည်ပြောင်း
၈။	ဦးခင်မောင်ဝင်း	၁၂/ဥကတ(နိုင်)၀၂၅၂၄ဂ	၄၇၁/က၊ ဇာနည်(၁၃)လမ်း၊ (၉)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၉	၄၇၁(က)	ဒေါ်သိန်းတင်	ဂရန်ရွှေ
၉။	ဒေါ်စိန်စိန်မြ	၁၁/သတန(နိုင်)၀၄၆၁၆ဂ	၄၇၁၊ ဇာနည်(၁၃)လမ်း၊ (၉)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၉	၄၇၁(ခ)	ဒေါ်သိန်းတင်	ဂရန်ရွှေ
၁၀။	ဒေါက်တာဒေါ်ကြည်ကြည်မာ	၉/ဝတန(နိုင်)၀၉၉၃၇၃	အခန်းအမှတ်(၆)၊ တိုက်(၁၀၂)၊ ချိုကင်းမြို့နယ်	တ/ဥက္ကလာပ	၁၀/တိုးချဲ့	၅	ဦးတော့ဘိန်စိန်(ခ)ဦးမျိုးမြင့်	အမည်ပြောင်း
၁၁။	ဦးအောင်ဇော်ဝင်း	၁၂/ပဘတ(နိုင်)၀၂၉၉၅၁	၃၃၅/၃၄၅၊ မောင်ထော်လေးလမ်း၊ ပန်းဘဲတန်း	ပန်းဘဲတန်း	၁၆ဒီ	Northern ½ of II.10	Bai Hawa Bi Bi	အမည်ပြောင်း
၁၂။	ဦးအောင်ဇော်မိုး	၁၀/မဒန(နိုင်)၀၁၅၀၂၇	၆၅၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်	ဒဂုံတောင်	၂၄	၇၅	ဦးဘုန်းမြင့်	အမည်ပြောင်း
၁၃။	ဒေါ်သင်းသင်းရီ	၁၂/ဥကတ(နိုင်)၀၆၃၉၀၅	၃၂၂၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်	တ/ဥက္ကလာပ	၁၃	၃၀ဂ A	ဒေါ်ခင်သောင်းဝင်း	မြေပုံကူး
၁၄။	ဦးလှဝင်း+ ၁	၁၂/သဃက(နိုင်)၀၂၀၃ဂ၅	(၃ဂ၆/ခ)၊ မိဂသီလမ်း၊ (၁၂)ရပ်ကွက်၊တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၂	၃ဂ၆(ခ)	ဦးသန်းထွန်း	အမည်ပြောင်း
၁၅။	ဒေါ်အိအိဖြိုး(ခ)ဒေါ်မြမြဝင်း	၁၂/ဒဂန(နိုင်)၀၂၄၂၅၉	တိုက်(၁၁)၊ အခန်း(၉)၊ အဓယလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်	တ/ဥက္ကလာပ	၅	၂၉၅	ဦးထင်ကျော်	အမည်ပြောင်း
၁၆။	ဦးကျော်ဆွေ	YKI - ၀၆၁၄၉၆	၄၂ - သမိုင်းဘုတာရုံလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း	ဒဂုံမြောက်	၃၄	၄ဂ၁	ဦးကျော်ဆွေ	ဂရန်သစ်ထုတ်
၁၇။	ဒေါ်မွန်မြင့်	၁၂/ဥကတ(နိုင်)၀၉၆၂၆၄	(၃၁၉)၊ ကန်ရိုးသာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်္ဃန်းကျွန်း	တ/ဥက္ကလာပ	၅	၅၇၄(ခ)	ဦးသိန်း	အမည်ပြောင်း
၁၈။	ဒေါ်လှ	၁၂/ဥကတ(နိုင်)၀ဂ၁၄၁၃	အမှတ်(၅၀)၊ မွေ့ရာဇာ(၃)လမ်း၊ (၁၀)ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၉	၃၂၄	ဦးသန်းညွန့် + ၁	အမည်ပြောင်း
၁၉။	ဒေါ်မြယ်မြယ်ဝေ	၁၂/ပဇတ(နိုင်)၀၂၉ဂ၅၂	၆၃B /၁၊ နတ်မောက်လမ်းသွယ် - ၁၊ ဗဟန်း	ဗဟန်း	၂G၁	၄၃ဂ V၁/၃B	ဦးတင်မောင်ဝင်း + ၁	အမည်ပြောင်း
၂၀။	ဦးရေချမ်း (ဘီးလစ်)	၁၂/ဥကတ(နိုင်)၀၄၆၇၂	အမှတ် (၂၁) ၊ သံတံတားလမ်း	စမ်းချောင်း	၂ဂC၁	၆၃ J	မညိုကြီး	မြေပုံကူး

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ROYAL ARROW
CAR RENTAL
211485, 212193

ချောင်းသာ
ချမ်းသာ
283808
728854

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၈၁၄၄မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်မြင့် နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၀/မလမ(နိုင်)၁၉၀၃၂၁]က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၃၀)ရက်အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

MIT MPEC

Course : Web Application Development (level-1)
HTML 4, JavaScript, Graphic, Dream Weaver
Date : 12th January, 2004
Time : Mon, Wed, Fri (3:00 to 5:00 PM)
[25% DISCOUNT]

RUBY CarRental
725317, 650823
24, hr

ဖခင်အမည်မှန်

မောင်ကျော်ဇင်ဦး[၁၂/ရကန(နိုင်)၀၆၄၂၀၈]၏ ဖခင်အမည်မှန်မှာ ဦးအုန်းမောင်(ခ)ဝေါင်ယူကောင်း(ခ) ဝေါင်ရင်ကောင်းဖြစ်ပါကြောင်း။

Caring Hair Care Products
Brand Manager
Assistant Brand Manager
Sales and Marketing Supervisor
Sales and Marketing Executive
Senior Sales Promoter
Beauty Adviser
Accountant
B.Com (or) L.C.C.I Level III
Hair Care Products (or) Cosmetics
Beauty Saloon
Julap Co., Ltd.

ကြေညာချက်

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးရဲခင်(ငြိမ်း)
အသက်(၈၄)နှစ်

ကိုရဲမြတ်ထူး၏ ချစ်လှစွာသော ဘိုးဘိုး ဗိုလ်မှူးရဲခင်(ငြိမ်း)သည် ၂၂-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အေးနန္ဒာအောင်။

VCD KARAOKE

* သံ

စီးပွားရေးမဂ္ဂဇင်း

EPS-2004

3rd FACES MAGAZINE
www.faces-magazine.com
ANNUAL SPECIAL ISSUE
COMMING SOON

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်ရာမသွလ္လာ(ခ)
ဦးတင်လှအသက်(၅၀)

ပဲခူးတိုင်း၊ ဝေါမြို့နယ်နေ (ဦးအေးမောင်-ဒေါ်စိန်ပု)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်ထွန်း)-ဒေါ်တင်နွဲ့၊ ဦးအောင်ဝင်း-ဒေါ်လှမြင့်တို့၏ ညီ/မောင်၊ ဒေါ်တင်တင်မူ၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၂၁)၊ (၁၂၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မြင့်မြင့်ကြည်၏ ခင်ပွန်း၊ မအေးမြသီတာ၊ မအေးမြသန္တာတို့၏ ဖခင်၊ တူ၊ တူမခြောက်ဦးတို့၏ ဦးလေးသည် ၃၁-၁၂-၂၀၀၃ရက်တွင် အလွှာသျှင်မြတ်အမိန့်တော်ခံယူသွားပြီးဖြစ်ပါ၍ ယင်းနေ့ ဇိုဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ယ/၄၉၈၉၈ လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ မော်လမြိုင်။

ဘုရားကျောင်းဆောက်
252598

ဝမ်းနည်းကြေကွဲခြင်း

စဉ့်အိုးတန်းလမ်း၊ တိုက်အမှတ်(၁၅)နေ လက်ဖက်စို၊ လက်ဖက်ခြောက် အကြော်စုံလုပ်ငန်းပိုင်ရှင် ပဒေသာပွဲရုံ ဦးစိန်ကြည်၏ချစ်လှစွာသောဇနီး ဒေါ်မြမြညွန့်သည် ၃၁-၁၂-၂၀၀၃နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်သိန်း-ဒေါ်ကြွယ်ကြွယ်
နိုင်ငံကျော်အရိုးတောင်းလက်ဖက်ကြက်သွန်ကြော်၊
ပဲကြော်စုံလုပ်ငန်း၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(ခ/၈၈၃၄)မှ (ဈ/၃၄၃၃) ပြောင်း အမျိုးအမည်ဖိုဒ်(ဘီအိပ်ချ်၁၀") အမျိုးအစားဂျစ် မော်တော်ယာဉ်အား သံတွဲမြို့ အမှတ်(၂)ရပ်ကွက်၊ သစ္စာလမ်းနေ ဦးစိုးသိန်းဦး[၁၀/သတန(နိုင်)၀၄၉၁၅၁]က မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍(၁၅)ရက်အတွင်း ကညနပြည်နယ်ရုံး (စစ်တွေ)သို့ ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)။

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
အမျိုးသားစာပေဆုရ အကယ်ဒမီစန္ဒရား ဦးလှထွတ်
မြို့မကျောင်းသားဟောင်း(ဝါးခယ်မ)

ကျေးဇူးရှင် ဖေဖေကွယ်လွန်ခဲ့သည်မှာ၅-၁-၂၀၀၄ရက်နေ့တွင် (၄)နှစ်ပြည့်ပြီဖြစ်ပါသည်။ ကြီးမားသော ဖေဖေရဲ့ ကျေးဇူးတရားများကို တစ်နေ့မှ မေ့မရနိုင်ပါ။ ကျန်ရစ်သူ သား၊ သမီးများက ဖေဖေ့အတွက် ရည်စူး၍ ကုသိုလ်ကောင်းမှု ပြုပြုသမျှ ဖေဖေကောင်းမွန်သော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ---။

သမီးကြီး – မခင်ဖုန်းထွဋ်-ဦးကိုကို
သားကြီး – အကယ်ဒမီ ဇော်မျိုးထွဋ်-မခင်မာထွေး
သမီးလတ် – မခင်မေထွဋ်
သမီးငယ် – မခင်မြတ်ထွဋ်-ကိုအေးမင်း
ချစ်မြေးများ – နေလင်းထွဋ်၊ ဝတ်မှုံဦး၊ လမင်းထွဋ်၊ သီဟထွဋ်၊ မေမြတ်နိုး၊ ပုံပုံ၊
မြစ်ကလေး – ပန်သစ္စာထွဋ်

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သားဖြစ်သူ ဒေါက်တာအောင်ဆန်းနိုင်[၁၂/ရကန(နိုင်)၀၂၇၃၆၆]သည် မိဘစကားနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိဘများ- ဦးစောညွန့်-ဒေါ်တင်အုံး
[၁၂/ပဘတ(နိုင်)၀၀၉၁၉၄]၊
[၁၂/ရကန(နိုင်)၀၂၇၉၉၄]။
အမှတ်-၄၉၂၊ မဟာဗန္ဓုလလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မြင့်-ဒေါ်အေးအေးမြင့်တို့၏ ချစ်လှစွာသောသားလတ် မောင်အောင်သူရဇော် (ရေကြောင်းပညာတက္ကသိုလ်)သည်၃၀-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Nautical Science ကျောင်းသားများ
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်(ခ)
ဒေါ်အေးတင်
အသက်(၈၇)နှစ်
(ပန်းချီရွာ၊ စစ်ကိုင်း)

စစ်ကိုင်းမြို့နယ်၊ ပန်းချီရွာနေ (ဦးထွန်းမြ-ဒေါ်သက်ဦး)တို့၏သမီးကြီး၊ (ဦးမြို့)၏ ဇနီး၊ မန္တလေးမြို့၊ လုံးသာရပ်နေ ဦးသောင်းရှိန်-ဒေါ်ကြည်ကြည်၊ ရန်ကုန်မြို့၊ (၅၁)လမ်းနေ ဦးစိုးမြင့်နီ-ဒေါ်ခင်ဆွေ၊ မန္တလေးမြို့၊ ရုံးသာရပ်နေ ဦးသောင်းညွန့်-ဒေါ်ညွန့်လှိုင်၊ မလွန်ဆေးရိုးဝင်းနေ (ဦးမြင့်ဆွေ)-ဒေါ်ခင်မူအေးတို့၏မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ် ရှစ်ယောက်တို့၏ အဘွားသည် ၁-၁-၂၀၀၄ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့၊(၅၁)လမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဩောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်စိမ်းယဉ်(၆၃)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၃)ရပ်ကွက်၊ စေတနာ(၄)လမ်း၊ အမှတ်(၄၈၀)နေ ရာသက်ပန်အသင်းဝင် ဦးမြတ်သင်း(လူမှုဝန်ထမ်းဦးစီးအရာရှိ၊ ငြိမ်း)၏ ဇနီးသည် ၂၇-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၁၂-၂၀၀၃ ရက်တွင် သဂြိုဟ်ပြီးစီးကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

သက်ဆိုင်သူများ ကန့်ကွက်လိုက ...

[illegible]	[illegible]

ဘုရားဒါယကာကြီး

ဦးမောင်မောင်ကြီး(၈၅)နှစ်

(အရှေ့ဖွားစော၊ ညောင်ဦး)
ဥက္ကဋ္ဌ(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
အငြိမ်းစားသံအမတ်ကြီး
မင်္ဂလာဒုံဗိုလ်သင်တန်းအပတ်စဉ်(၂)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၅၂)နေ သင်္ကန်းပရိက္ခရာကုန်သည်ကြီး (ဦးသန်းအုန်း–ဒေါ်မြမေ)တို့၏သား၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးကျော်ညွန့်–ဒေါ်သီလှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၂၇–ဘီ)၊ အောင်ဇေယျလမ်းသွယ်၊ ကမ္ဘောဇရိပ်သာ၊ ကုက္ကိုင်းနေ ဒေါ်ခင်မေ၏ခင်ပွန်း၊ (ဦးသိန်းလွင်)–ဒေါ်မမလေးတို့၏ညီ၊ (ဒေါ်အေးဟန်)၊ ဦးဘစိန်–(ဒေါ်ခင်နုဆွေ)တို့၏အစ်ကို၊ ဦးရဲလင်း(MRTV-3)–ဒေါ်ညိုမေလတ်၊ ဗိုလ်မှူးကြီးလှမင်း(ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်ယုယုလှိုင်၊ ဦးသန်းနိုင်အောင်–ဒေါ်သန်းသန်းမေတို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသဖခင် ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ (စနေနေ့) နံနက်၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီးဒေါ်ခင်ခင်လေး
(ယဉ်ကျေးမှုဝန်ကြီးဌာန)

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား) လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်။

ဒေါ်ထား(၈၇)နှစ်

(ပေါက်ခေါင်း)

ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ မြောက်ပိုင်းရပ် (ဦးဘိုးရင်–ဒေါ်စိန်ညွန့်)တို့၏ သမီး၊ ဗိုလ်မှူးကြီးသိန်းငွေ (ငြိမ်း)–ဒေါ်ထားထားယဉ်၏ အစ်မ၊ ဒုတိယဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)–ဒေါ်ခင်ချိုဝင်း၊ ဦးအုံးသိန်း–ဒေါ်ခင်ရီ၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ် ငါးယောက်တို့၏ အဘွားသည် (၂၉/၉၀)၊ စပယ်လမ်း၊ ရွှေပြည်သာမြို့နေအိမ်၌ ၄–၁–၂၀၀၄ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်း ဒါယိကာမကြီး

ဒေါ်မြစိန်(၈၁)နှစ်

(မော်လမြိုင်)

မော်လမြိုင်မြို့၊ ဈေးကြိုဆန်တန်းရပ်၊ အမှတ်(၆၆)နေ ဦးသာစိန်၏ ဇနီး၊ (ဦးမြင့်ဆွေ)–ဒေါ်ခင်ရီ၊ ဦးစိန်သန်း–ဒေါ်သောင်းမြင့်၊ ဦးရဲအောင်–ဒေါ်အုန်းရီတို့၏ မွေးမိခင်၊ မြေး၁၅ယောက်၊ မြစ်၂၁ယောက်တို့၏ အဘွား ဒေါ်မြစိန်သည် ၄–၁–၂၀၀၄ရက် နံနက်၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ဝွေးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမြင့်လွင် (၆၅)နှစ်

အမှတ်(၅၇၆)၊ ကေတုမတီလမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးဖိုးကျင်–ဒေါ်နှင်းမြိုင်)တို့၏ သားကြီး၊ ဦးအေးသိန်း–ဒေါ်သန်းနွဲ့၊ ဦးမောင်စိုး–ဒေါ်ညို၊ ဦးကျင်သောင်း–ဒေါ်ခင်သိန်း၊ ဦးကျော်သောင်း– ဒေါ်လှပိုတို့၏ အစ်ကို၊ ဒေါ်ကျင်ရှိန်၏ ခင်ပွန်း၊ ကိုမြင့်ကျော်ဦး (မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)–မအေးသန်း၊ ကိုနိုင်နိုင်လတ်(နိုင်ငံခြားရေးဝန်ကြီးဌာန)–မသီတာလတ်၊ (မအေးမင်းသန်း)တို့၏ဖခင် ဦးမြင့်လွင်သည် ၄–၁–၂၀၀၄ရက် မွန်းလွဲ၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများနံနက်၁၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းဟန်(မအူကုန်း)

အသက်(၇၆)နှစ်

ဗဟိုပုံနှိပ်တိုက် (ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၇)လမ်း၊ အမှတ်(၃၂၃)နေ (ဒေါ်ခင်သန်း)၏ ခင်ပွန်း၊ ဦးစိန်ချစ်–ဒေါ်သန်းတင်အေးတို့၏ မောင်၊ ဦးတင်ထွေး–ဒေါ်လှတင်တို့၏ အစ်ကို၊ ဦးစိုးလွင်–ဒေါ်ခင်စိန်ဦးတို့၏ ဦးလေး၊ ဒေါ်မာလာဦး၊ (ဒေါ်ခင်ခင်မူ–ဦးထွန်းမြင့်)တို့၏ ဖခင်၊ နန္ဒာထွန်း၊ ခင်သီရိထွန်းတို့၏ အဘိုးသည် ၃–၁–၂၀၀၄ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ရက် မွန်းလွဲ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ငွေစိန် (၆၃)နှစ်

(မော်လမြိုင်)

(ဦးဇာ–ဒေါ်အေးမေ)တို့၏ သမီး၊ (ဦးထွန်းရှိန်)–ဒေါ်စိန်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းမြို့သစ်(၂)လမ်း၊ အမှတ်(၁၀)နေ ဦးတင်ဖေ၏ ဇနီး၊ ကိုမြင့်ဟန်–မမေမေခင်၊ ကိုလှမင်း (လေကြောင်းဦးစီး)–မမာလာ၊ ကိုကျော် လွင်ထွန်း–မရီရီဝင်း၊ ကိုကြည်ဝင်း–မချောစု (ခင်ပြုံးမွန်ပါတိတ်)တို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည်၃–၁–၂၀၀၄ (စနေနေ့) ည၁၁း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုဗိုလ်ခင်မောင်သန်း(၂၆)နှစ်

ဝိဇ္ဇာဘွဲ့(သမိုင်း)
ဗသက(၁၀၆)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးထွန်းရှိန်လမ်း၊ အမှတ်(၅၇၈)နေ (ဦးပန်းမောင်–ဒေါ်ငွေကြည်)၊ (ဦးချိန်–ဒေါ်အုံးကျင်)၊ ဦးလှရှိန်–(ဒေါ်အုံးမြင့်)၊ ဒေါ်လှရင်၊ ဦးဖိုးပြား–ဒေါ်စောကျင်၊ ဦးအောင်တင်–ဒေါ်မေကြည်တို့၏မြေး၊ ဦးတင်အောင်–ဒေါ်အုံးသန်းတို့၏ သား၊ မခင်သူဇာ၊ မကြူကြူသင်း၊ မတင်မျိုးထွေးတို့၏ အစ်ကို/မောင်ဒုဗိုလ်ခင်မောင်သန်းသည် ၂–၁–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား ဒါယကာကြီး

ဦးမောင်မောင်ကြီး(၈၅) နှစ်

(အရှေ့ဖွားစော၊ ညောင်ဦး)
ဥက္ကဋ္ဌ (ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
မော်ကွန်းဝင် ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်
အငြိမ်းစားသံအမတ်ကြီး
မင်္ဂလာဒုံ ဗိုလ်သင်တန်း အပတ်စဉ် (၂)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၅၂)နေ၊ သင်္ကန်းပရိက္ခရာ ကုန်သည်ကြီး (ဦးသန်းအုန်း–ဒေါ်မြမေ)တို့၏ သား၊ မိတ္ထီလာမြို့၊ ပထမလမ်းမတော်နေ (ဦးကျော်ညွန့်–ဒေါ်သီလှ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၂၇(ဘီ)၊ အောင်ဇေယျလမ်းသွယ်၊ကမ္ဘောဇရိပ်သာ၊ ကုက္ကိုင်းနေ ဒေါ်ခင်မေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိန်တိုး (Myanmar Care Products Ltd.)–ဒေါ်မြတ်မင်းခိုင် (MBA,9th Batch)၊မောင်ဇော်ထွန်းလင်း(Mid Land Shwe Pyi Trading Co;Ltd)၊ မအေးယုယုမင်း (B.A.English)၊ မမေသီရိနိုင်၊ (X-C၊အထက–၂၊ဗဟန်း)၊ မောင်ရဲဝင့်ကျော် (IX-C၊ အထက–၂၊ဗဟန်း)၊ မောင်သက်နိုင်ဝင်း (Grade II, MLA) တို့၏ ချစ်လှစွာသောကျေးဇူးရှင် အဘိုးဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ (စနေနေ့) နံနက် ၆နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးရှိန်လွင်(၈၇)နှစ်

(ကျုံကဒတ်ကျေးရွာ)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ၊ ဘုရင့်နောင်လမ်း အမှတ်(၁၃၃)နေ (ဦးမောင်လွန်း–ဒေါ်သင်ညာ)တို့၏ သား၊ (ဒေါ်ညိမ်းရွှေ)၏ မောင်၊ (ဒေါ်အေးကြူ)၏ ခင်ပွန်း၊ ဦးသန်းတင့်အောင် (MPPE၊ ဘဏ္ဍာရေး–ဒေါ်မြသန်း (တပ်မတော်သဘောဆေးစက်ရုံ)၊ ဦးသန်းမြင့်အောင်(သ/မ ဦးစီးမှူး၊ မွန်ပြည်နယ်)၊ ဒေါ်သန်းသန်းစိန်၊ ဦးခင်မောင်ဦး(ကုန်သည်)၊ ဒေါ်အေးအေးမော်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးရှိန်လွင်သည် ၃–၁–၂၀၀၄ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကျုံကဒတ်ကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ ရက်တွင် ကျုံကဒတ်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးခင်ကြည်(ခ)ဦးခင်ညွန့်

အသက် (၇၆)နှစ်

R.O အငြိမ်းစား၊ CDC –၄၄၆၂

ရန်ကုန်မြို့၊ အမှတ်(၁၀၅) (၄၃) လမ်းနေ (အရေးပိုင်မင်း ဦးဘိုးသဲ–ဒေါ်ကြင်)တို့၏ မြေး၊ (ဦးဘလှိုင်–ဒေါ်မမလေး)တို့၏ သား၊ (ဦးလှကြည်–ဒေါ်သန့်)၏သားသမက်၊ ဒေါ်တင်တင်ရီ၏ ခင်ပွန်း၊ ဦးစိုးမြင့်၊ ဒေါ်ခင်သဲသဲ၏ အစ်ကို၊ မပြုံးပြုံးကြည် (ပညာရေးစီမံကိန်း)၊ (မခင်ဦးလွင်)(မဝင်းဝင်းမေ)၊ ကိုသန်းလွင်၊ မဥမ္မာလွင်၊ မအေးအေးအောင် (စာရင်းစစ်ချုပ်ရုံး) မောင်မြတ်ကျော်တို့၏ ဖခင်၊ မြတ်ကေခိုင်၊ ယဉ်ကေခိုင်၊ လွင်ကိုကို၊ လွင်မောင်မောင်တို့၏ အဘိုးသည် ၄–၁–၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(၇၁)နှစ်

(လုပ်သားစက်မှု)

ရန်ကုန်မြို့၊ အမှတ်(၂၇၃)၊ ပန်းလှိုင်လမ်း၊ စက်မှုဇုန်(၂)၊ တောင်ဒဂုံမြို့သစ်နေ (ဦးစံမြ–ဒေါ်ဖွားချစ်)တို့၏ သား၊ (ဦးအောင်ထွန်း–ဒေါ်ခင်)တို့၏ သားသမက်၊ ဒေါ်ညို၏ခင်ပွန်း၊ မောင်ခင်ဇော်၊ မသီတာ၊ မောင်ဇော်ဝင်း–မဇင်သီရိဟန်တို့၏ ဖခင်၊ မောင်မင်းခန့်ဇော်၏ အဘိုးဖြစ်သူသည် ၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅–၁–၂၀၀၄ ရက် ညနေ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ၃း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စုစု(၆၄)နှစ်

(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ အမှတ်(၃၉) ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်နေ (ဦးဘိုးလှ–ဒေါ်သိန်းခင်)တို့၏ သမီး၊ (ဦးကျင်စိန်–ဒေါ်ကျင်မြိုင်)တို့၏ချွေးမ၊ ဦးစံတင်၏ ဇနီး၊ ဦးအောင်လင်း–ဒေါ်သန်းသန်းဝင်း၊ ဦးရဲမြင့်–ဒေါ်ဝင်းမာ၊ဦးထွန်းဝင်း–ဒေါ်ရင်ရင်ဝင်း၊ ဦးမင်းဇော်–ဒေါ်ဖြူဖြူဝင်း၊ မောင်သိမ်းမင်းဦး၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၄–၁–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၀း၄၀ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဦးနိုင်လင်း(၈၁)နှစ်

(တော်လတီ)

တိုက်ကြီးမြို့နေ (ဦးကောက်–ဒေါ်ကြင်မြိုင်)တို့၏ သား၊ (ဦးကြင်ပိုး–ဒေါ်ရွှေမှန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မနော်ဟရီလမ်း၊ အမှတ်(၇၉/၈၁)နေ ဒေါ်စမ်းကြည်၏ ခင်ပွန်း၊ (ဦးဟန်စိန်)–ဒေါ်ထားရင်၏ မောင်၊ (ဦးကျော်ဇော)–ဒေါ်ကျင်တင်၊ ဦးကျော်မြင့်–ဒေါ်ခင်မေသက်၊ ဦးစိုးသိန်း–(ဒေါ်ယဉ်မေ)၊ (ဦးသန်းငွေး)–ဒေါ်ကြင်မဲ့၊ ဒေါက်တာဦးတိုး–ဒေါ်ချိုတို့၏ အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်လှ(၃၆၃ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးကျင်ရှိန်–ဒေါ်တင်တင်နိုင်(၂၈၉ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဒေါက်တာကျော်လင်း–ဒေါ်လွင်လွင်သက်၊ဒေါ်ကြည်ကြည်ဇင်(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးမြင့်ဇော်–ဒေါ်ချိုချိုမြင့်(၂၂၇–၂၂၉–ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးသန်းထွန်းလင်း–ဒေါ်ချိုချိုဦး(၂၉၀–ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးစိုးမော်–ဒေါ်ဥမ္မာကြည်၊ ဦးအောင်ဝင်းနိုင်တို့၏ကျေးဇူးရှင် မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုး ဦးနိုင်လင်းသည် ၁–၁–၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးအောင်လွင် (၆၈)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အထည်အလိပ်၊ စက်မှု(၁)

ပုသိမ်မြို့နေ (ဦးဖိုးဆိတ်–ဒေါ်အေးသွယ်)တို့၏ သား၊ အမှတ်(၁၂၇၂)၊ မင်္ဂလာသုခ(၂)လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဒေါ်ခင်လှမြင့်၊ဆရာအတတ်သင်သိပ္ပံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းထိုက်အောင်၊ ဒေါ်သီသီးလွင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မမီမီသန်းထိုက်အောင်(ပထမနှစ်သချင်္ချာ၊ ဒဂုံတက္ကသိုလ်)၊ မောင်အေးခန့်သန်းထိုက်အောင်(အထက–၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသော အဘိုးသည် ၃–၁–၂၀၀၄(စနေနေ့)တွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ညို(၅၉)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၁၁)နေ (ဦးကြွယ်–ဒေါ်မြရင်)တို့၏ သမီး၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၀၀၅)နေ ဦးလှစိန်–ဒေါ်ခင်မေ၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာနေ (ဦးမောင်ကြည်)–ဒေါ်သောင်းရင်တို့၏ညီမ၊ လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ အမှတ်(၂၁၈)၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ လှိုင်ရဲစခန်းအနောက်နေ ဦးသောင်းစိန် (တကက၊ငြိမ်း၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့)၏ ဇနီး၊ ဦးတင်အောင်မိုး(စမ်းချောင်းရဲစခန်း) – ဒေါ်သင်းသင်းခိုင်၊ မခင်လှမျိုး (လှိုင်ချိုဇင်၊ဓာဘော်လီ)၊ ဒုတကကျော်မင်းစိုး(တပ်မတော်–ရေ)၊ ဦးအောင်မင်းစိုး (လက်ထောက် အင်ဂျင်နီယာ၊ လျှပ်စစ်၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)တို့၏ မိခင်၊ မခိုင်သဇင်မိုး၏ ဘွားဘွားကြီးသည် ၄–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းကျော် (၇၄)နှစ်

(မော်ကွန်းဝင်တတိယဆင့်)
(ရေကျော်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊အမှတ်(၅၄)၊ ဒုတိယထပ်နေ (ဦးမောင်မောင်–ဒေါ်မမလေး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထွန်းတင်–ဒေါ်အေးမြင့်)တို့၏ သားသမက်၊ (ဦးရာပြည့်–ဒေါ်သန်းသန်း)တို့၏ ကိတ္တိမသား၊ (ဒေါ်သန်းသန်းရီ)၏ခင်ပွန်း၊ ဒေါ်မြမြသန်း (သ/မဝန်ကြီးရုံး)၊ ဦးကျော်လွင်–(ဒေါ်ခင်စန်းဝင်း)၊ (ဦးလှဌေး)၊ ဒေါ်သီတာကျော်(နီနီ)တို့၏ ချစ်လှစွာသောဖခင်၊ မနှင်းယုလွင်(တတိယနှစ်၊ ဥပဒေ)၊ မောင်ဟိန်းထက်(ပထမနှစ်၊ ပထဝီ)၊ မောင်ဖြိုးဟန် (အထက–၅၊ တာမွေ)တို့၏အဘိုးသည် ၃–၁–၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်ပါ၍ ၅–၁–၂၀၀၄(တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းဖေဟန် (၆၇)နှစ်

(Reggie Ba.Chit)
B.Sc., M.Sc (Env.Sc)
(Manash University Australia)
ဒု–စက်ရုံမှူး(ငြိမ်း)၊
သန်လျင်ရေနံချက်စက်ရုံ
ရေနံ/ဓာတု

ရန်ကုန်မြို့၊ အမှတ်(၁၈၂/၁၈၄)၊ ပထမထပ်၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဘချစ်)–ဒေါ်ကျင်နုတို့၏ သားကြီး၊ ဒေါ်မြသိန်း၊ (ဦးလှခိုင်)–ဒေါ်စန်းမြင့်၊ ဦးဟန်ဝင်း–ဒေါ်စန်းစန်းမြ၊ ဦးကိုကိုသန်း – ဒေါ်ဝင်းဝင်းမြင့်တို့၏ အစ်ကိုကြီး၊ ဒေါ်သီတာဟန်၏ မွေးစားဖခင်၊ ဦးအောင်စိုးခိုင်–ဒေါ်နွယ်နွယ်ဝင်း၊ ဦးအောင်ကျော်လင်း – ဒေါ်မိုးသီတာ၊ ဦးနေလင်း၊ ဦးခိုင်မိုးကျော်၊ ဦးကျော်ဝင်းထွဋ်တို့၏ဘကြီးသည် ၄–၁–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(ခ)ပပ (၄၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၀၃)နေ (ဦးသုခ–ဒေါ်လှလှ)တို့၏ သား၊ (ဦးကြည်စွမ်)–ဒေါ်မြမြ၊ ဦးမောင်မောင်လွင်(Super World ဗိုလ်ချုပ်ဈေး) Hill Top Villa ကလော–ဒေါ်စန်းဖြူဖြူ၊ ဦးခင်မောင်အေးတို့၏ ညီ/မောင်၊ ဒေါ်ရွှေစင်ခ (Royal Diamond ဗိုလ်ချုပ်ဈေး)၏ အစ်ကို၊ ဦးသောင်းထွဋ်(Fresh Air Con)–ဒေါ်တင်တင်စု၊ ဦးမြတ်ကျော်–ဒေါ်ခိုင်စန္ဒာလွင် (Royal Diamond ဗိုလ်ချုပ်ဈေး)၊ ဦးအောင်မြတ်စိုး–ဒေါ်ချိုသန္တာလွင်၊ မောင်ဖုန်းမြင့်အောင်၊ မောင်တိုးမြင့်အောင်တို့၏ ဦးလေး၊ မမြမျက်သွယ်၊ မအိမြတ်စန္ဒီ၊ မမေမြတ်စန္ဒီ၊ မောင်မင်းသီဟကျော်တို့၏ အဘိုးလေးသည် ၄–၁–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ယင်းနေ့နံနက်၁၀း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါသဖြင့် ရပ်နီး၊ ရပ်ဝေး မိတ်သင်္ဂဟများကို အကြောင်းကြားအပ်ပါသည်။ [၁၀–၁–၂၀၀၄(စနေနေ့) နံနက် ၇နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆလိုင်းမျိုးချစ်တင်

အသက်(၄၁)နှစ်

(ရွှေပြည်သာ)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၁၇၃)၊ (၇)ရပ်ကွက်၊ ပန်းခြံ(၁၂)၊ ရာဇာဓိရာဇ်လမ်းနေ ဦးကြည်ရှိန်–ဒေါ်နီတို့၏ သား၊ (ဦးလူပျို–ဒေါ်ပျို)၊ (ဦးဘိုးကွန်း–ဒေါ်ပျို)တို့၏မြေး၊ ဆလိုင်းမောင်ရှင်–(ဒေါ်ငွေကြိုင်)၊ ဆလိုင်းမောင်လွင်–ဒေါ်တင်မြင့်၊ ဆလိုင်းမောင်စိန်–ဒေါ်မိုင်တင်မြတို့၏တူ၊ မိုင်ကြည်စိန် (ခရစ်တော်သာသနာ့အကျိုးဆောင်အဖွဲ့)၊ မိုင်စော၊ မိုင်မေရီစိန်–သန်းထွန်း၊ မိုင်သိန်းတင်၊ မိုင်သိန်းရင်(ခရစ်တော်သာသနာ အကျိုးဆောင်အဖွဲ့)တို့၏ မောင်၊ ဆလိုင်းခင်မောင်ကြည်–ဒေါ်မိုးဒါး၊ မိုင်ယဉ်ယဉ်ထွေး – ကိုထွန်းမြတ်တို့၏ အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၄–၁–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၂း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၆–၁–၂၀၀၄ (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၈း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေကျင်ဂိုဏ်းကြီး၏ ရတ္တညူမဟာနာယက
သက်တော်ရှည် ဗုဒ္ဓသာသနာပြု
မဟာသာသနဝေပုလ္လကျောင်းဆရာတော်

ဘဒ္ဒန္တ ဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်

သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ မဟာသာသန ဝေပုလ္လကျောင်းနှင့် မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ကာယ(၉)လမ်း၊ မဟာသာသနဝေပုလ္လပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာနနာယက ဗုဒ္ဓသာသနာပြုဖြစ်တော်မူသော ရွှေကျင်နိကာယ ရတ္တညူမဟာနာယက ဘဒ္ဒန္တ ဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်၊ ၂–၁–၂၀၀၄(သောကြာနေ့) နံနက်၁နာရီ ၅မိနစ်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်နေ့ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဈာပနအခမ်းအနားစတင်၍ မွန်းလွဲ၂နာရီတွင် ရုပ်ကလာပ်တော်ပင့်ဆောင်ပြီး ညနေ၃နာရီတွင် ရေဝေးသုသာန်၌ သာခုကီဠန အန္တိမအဂ္ဂိ ဈာပနသဘင်ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဒေါ်သောင်း(၉၃)နှစ်

တောင်ဥက္ကလာပ၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၆)လမ်း၊ အမှတ်(၁၈၂)နေ (ဦးဖိုးဇာ–ဒေါ်ရွှေဗိတ်)တို့၏ သမီးကြီး၊ [ဦးထွန်းခိုင်(ခ)ဦးပိန်] – ဒေါ်နှင်းငွေ (အင်းတကော်)တို့၏ညီမ၊(ပန်းထိမ်ဆရာကိုအေးမောင်)၏ ညီမ၊ ဒေါ်ညွန့်ရီ၊ ဦးမင်းဟန်–(ဒေါ်သိန်းရီ)၊ (ကိုအောင်သန်း)၊ ဒေါ်တင်ကြည်တို့၏ အစ်မ၊ (ဦးသန်း)–ဒေါ်တင်စော၊ [ဦးသန်း(ခ) ချန်းယုဟုတ်] – ဒေါ်အုန်းတင်တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်၁၈ယောက်တို့၏ အဘွားသည် ၃–၁–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄ရက်၌ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်တင်

အသက်(၉၁)နှစ်

(သာယာဝတီ)

သာယာဝတီမြို့၊ ကွက်သစ်(၁)လမ်းနေ ဦးဘိုးဟန်–ဒေါ်မိတို့၏ သမီးကြီး၊ (ဦးမောင်ဦး)၏ ဇနီး၊ ဦးဝင်းမောင်–ဒေါ်စန်းစန်းဝင်း(ကုန်သွယ်/လယ်ယာ)၊ ဦးလှမင်း (ပါမောက္ခ၊ ငြိမ်း၊ဓာတုဗေဒ)–ဒေါ်ယဉ်ယဉ်ကြည် (အထက၊ ငြိမ်း၊ တာမွေ –၅)၊ ဒေါ်အေးအေးသွင်၊ ဦးဝင်း (ခရိုင်ရဲမှူး၊ ဘားအံ)–ဒေါ်ပိုပို၊ (ဒေါ်သန်းသန်းဝင်း)၊ဦးဝင်းသိန်း Chief Officer – ဒေါ်ထူးထူးတို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၀ယောက်၊မြစ်နှစ်ယောက်တို့၏ အဘွားသည်၄–၁–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့ ထောင်ကြီးသုသာန် သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူသားသမီးတစ်စု။

ပုဂံ–ညောင်ဦးမြို့နယ်အသင်း
(ရန်ကုန်)

ဦးမောင်မောင်ကြီး(၈၅)နှစ်

(အရှေ့ဖွားစော၊ညောင်ဦး)
ဥက္ကဋ္ဌ(ငြိမ်း)ဝန်ထမ်းရွေးချယ်
လေ့ကျင့်ရေးအဖွဲ့
မော်ကွန်းဝင်ဒုတိယဆင့်
နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
(အငြိမ်းစားသံအမတ်ကြီး)

အသင်းနာယကကြီး ဦးမောင်မောင်ကြီးသည်၃–၁–၂၀၀၄ရက်တွင်ကွယ်လွန်ပါသဖြင့် ၅–၁–၂၀၀၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဦးမြင့်သိန်း (၆၂)နှစ်

ဟင်္သာတမြို့နယ်၊ တလုပ်ထော်ကျေးရွာနေ (ဦးအောင်သိန်း–ဒေါ်မြမေ)တို့၏ သား၊ ဒေါ်မြမြ၊ (ဒေါ်သန်းသန်း)တို့၏တူ၊ဦးခင်ကြည်–ဒေါ်သန်းထိုက်တို့၏ အစ်ကို၊ ဒေါ်လှရီ(၁/ဈေး၊ သာကေတ)၏ ခင်ပွန်း၊ မလှလှတင့်၊ မောင်ယဉ်ထွန်း–မခင်အေးရီ၊ မောင်သန်းဝင်းလှိုင်တို့၏ဖခင်၊ မောင်ထက်ကိုလင်း၏ အဘိုးသည် ၃–၁–၂၀၀၄(စနေနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၁–၂၀၀၄(တနင်္လာနေ့) နံနက် ၈နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ခေမာစာရ

သိက္ခာတော်(၂၃)ဝါ၊

သက်တော်(၄၅)နှစ်

သာသနရက္ခိတကျောင်း
မိုးကုတ်ဝိပဿနာရိပ်သာ၊ ပဓာနနာယက
ကမ္မဋ္ဌာနာစရိယဆရာတော်
မိုးကုတ်တရားစခန်းနှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၂၇၃)

မင်းပြားမြို့နယ်၊ ကျားပိုက်ကာကျေးရွာနေ (ဦးအောင်ထွန်းသာ–ဒေါ်ဦးသာဖြူ)တို့၏ သားတော်၊ ဦးကြာဖံအောင်–ဒေါ်ကြာဖံနု၊ ဒေါ်ကြာဖံလှ၊ ဒေါ်မဝေတို့၏ မောင်၊ ဦးအောင်ခိုင်ဖံ–ဒေါ်ဦးသန်းနုတို့၏ အစ်ကို၊ ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်)၊ (၇)ရပ်ကွက်၊ ဖျာပုံလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာ သာသနရက္ခိတကျောင်း၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တခေမာစာရသည်(၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်) ၃–၁–၂၀၀၄(စနေနေ့) ညနေ ၆း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၄ ရက် ၅–၁–၂၀၀၄ ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊မိုးကုတ်ဓမ္မရိပ်သာ
သာသနရက္ခိတကျောင်း။

တုံပေါ်အိ(ခ)ဦးတင်မြင့်

အသက်(၇၃)နှစ်

ဆန်းမုန့်တိုက်၊ဆန်းရတနာရွှေဆိုင်
(တောင်ငူ)

တောင်ငူမြို့၊ဈေးလမ်း၊(၁၇/၁၁၇)နေ ဒေါ်ကျင်တာ၏ခင်ပွန်း၊ မကြည်ကြည်ဝင်း–ကိုပေါ်စိမ်း၊ မလှလှဝင်း–ကိုသန်းထိုက်အောင်၊ မောင်မြင့်ဆန်း–မမြင့်မြင့်ခိုင်၊ မတင်တင်ဝင်း–ကိုကျင်ဝင်း၊ မောင်မြင့်ထူး–မဝင်းဝင်းခိုင်၊ မောင်မြင့်အောင်–မနုဝါ၊မစန်းစန်းဝင်းတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၄–၁–၂၀၀၄ရက်နံနက် ၅း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစံရင် (ငြိမ်း)(၆၉)နှစ်

(ကပစ)(ဂုဏ်ထူးဆောင်)
မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ
မြောက်ဥက္ကလာပမြို့နယ်
ခြင်းလုံးဆပ်ကော်မတီ

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ကျိုက်စကောကျေးရွာနေ (ဦးငွေသောင်း–ဒေါ်စိန်ခင်)တို့၏ သား၊ (ဦးဘိုးထင်–ဒေါ်စိန်ရင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုညလမ်း၊ (၁၇/၄/၈၄၅)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ဒေါ်ခင်စောမူ (ဒုထွေ/ဂျာ၊စိုက်ပျိုးရေးရုံးချုပ်)၊ ဒေါ်ဥမ္မာချို (စိုက်ပျိုးရေးရုံးချုပ်)၊ ဗိုလ်ကြီးခင်မောင်ကြည်(လ/ထ ညွှန်မှူး၊ နယ်စပ်/စည်ပင်)–ဒေါ်စောသီတာမြင့်၊ ဦးမင်းဇော် (စိုက်ပျိုးရေးရုံးချုပ်၊ မိတ္တူလုပ်ငန်း)–ဒေါ်မိုးသီတာ၊ ဦးတင်အောင်ကြည် (ဌာနစုမှူး၊စက်မှု–၁)တို့၏ ဖခင်၊ ဖြိုးမွန်မွန်ဦး၊ စုဝေဖြိုး၊ အိန္ဒြေခင်၊ ခင်ယုယသွင်တို့၏ အဘိုးသည် ၃–၁–၂၀၀၄ (စနေနေ့) ည၉နာရီတွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး–၂၉၁၈၃၂၊စာတည်းများ–၂၉၂၈၃၂၊ သတင်းထောက်မှူး–၂၉၂၈၃၃၊ မန်နေဂျာ–၂၉၁၈၃၃၊ စီမံ/ငွေစာရင်း–၂၉၁၀၄၅၄၊ ဖြန့်ချိရေး–၂၉၂၈၃၀၊ ကြော်ငြာ–၂၉၉၄၂၇၊ ပုံနှိပ်–၂၉၂၈၃၁။ R/184

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ပြည်သူ့ရင်ပြင်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတည်းဟူသော အမျိုးသားရေး ဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား တစ်သောင်းကျော် တက်ရောက်ကြသည်။

နေရာယူ

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများပါဝင်သော ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အင်အား ၃၀၀၀ကျော်၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှ အင်အား ၅၀၀၀ကျော်၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ အင်အား ၅၀၀ကျော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှ အင်အား ၁၀၀၀ကျော် စုစုပေါင်းအင်အား ၉၅၀၀ကျော် ပြည်သူလူထုကြီးသည် နံနက် ၆နာရီတွင် ပြည်သူ့ရင်ပြင်၌ ဝင်ရောက်နေရာယူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူတိုင်းလိုလားတောင့်တနေကြသည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် အင်တိုက်အားတိုက်ပါဝင်

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနဲ့ ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနဲ့ ဧည့်သည်တော်များအားလုံး **နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ကြပါစေ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် တက်ညီလက်ညီ အားသွန်ခွန်စိုက် တည်ဆောက်နိုင်ကြပါစေ** လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဒီနှစ်ကျင်းပပြုလုပ်တဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲနဲ့ ကွန်ပျူတာပန်းချီပြိုင်ပွဲအသီးသီးမှာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်၊ လွတ်လပ်ရေးရဲ့တန်ဖိုး၊ လွတ်လပ်ရေးရဲ့အနှစ်သာရ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ လမ်းပေါ်တွင်တည်ရှိ၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်ခဲ့ပြီး (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ရက်က ဖွင့်လှစ်ခဲ့သည့် ပုထိုးလုံးတံတားကို တွေ့ရစဉ်။ (သတင်း–၁၃) (သတင်းစဉ်)

သတင်းဆောင်းပါး အညွှန်း

ပေကျင်းမြို့တော်မှ ပညာရေးဆိုင်ရာ အာဏာပိုင်များက ဒေသခံ ပညာရေးဌာနများနှင့် စာသင်ကျောင်းများအား ဆားစ်ရောဂါ မဖြစ်ပွားစေရေး နိုးနိုးကြားကြားရှိရန် တိုက်တွန်းထားသည်။

(နိုင်ငံတကာသတင်းများ၊ စာ–၃၊ ၄၊ ၅)

နိုင်ငံတော်အစိုးရသည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်သည်။

(လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး၊ စာ–၆)